# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေ့ြ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday, 3 November 2025 ၁၁၉၉၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

**ယနေ့ ဖတ်စရာ**

**ရှေးဆန်မှုတွေနဲ့အပြိုင် ခေတ်မီမှုတွေ ပေါင်းဆုံတည်ရှိရာ မြို့နန်ကျင်းမှာ.....**

ဆောင်းပါး စာမျက်နှာ » ၈

**ရှမ်းဖက်ဒရေးရှင်းနိုင်ငံ နိုပိုဗီဇစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကြည့်ရှုလေ့လာ**

စာမျက်နှာ » ၉

**ဘဝတစ်လျှောက်လုံး စာပေနဲ့ လက်ပွန်းတတီးနေခဲ့တဲ့အတွက် ဒါကို အနှစ်သာရရှိတဲ့အနေနဲ့ ပေးတာလို့ ကျွန်တော် မြင်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

ကြေးမုံ

# ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်ကိုသတိပြု

မျက်မှောက်ကာလသည် သီတင်းကျွတ်အခါကျော်လွန်၍ တန်ဆောင်မုန်းကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ နောက်ရက်များတွင် ဆီမီးရောင်ထိန်ထိန်ညီးသည့် တန်ဆောင်မုန်းလပြည့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ပင် ရောက်ရှိတော့မည်ဖြစ်သည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းကာလသည် ပုံမှန်အားဖြင့် ပွင့်လင်းရာသီ ခြေခင်းလက်ခင်းသာယာပြီး ပွဲလမ်းသဘင်များနှင့် ခရီးသွားရာသီကာလဖြစ်သည်။ သို့သော် ရာသီဥတုပြောင်းလဲမှုကြောင့် ပွင့်လင်းရာသီကို ထိခိုက်စေသည့် မိုးသက်လေပြင်းများနှင့် မမျှော်လင့်ဘဲ ကြုံတွေ့ကြရသည်။

မိုးလေဝသဌာနက နိုဝင်ဘာလ ၁ ရက်နေ့ညနေ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်ဟု အသိပေးထားသည်။

အချိန်ရာသီမဟုတ်ဘဲ မိုးသည်းထန်စွာ ရွာသွန်းလာခြင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သည်။ အမှန်တကယ်တွင် မိုးရာသီကုန်ဆုံး၍ ပွင့်လင်းရာသီကာလဖြစ်ရာ ပြည်သူများအဖို့ ခရီးသွားလာလုပ်ကိုင်ဆောင်ရွက်ခြင်းများနှင့် ပျော်ပွဲရွှင်ပွဲ အလှူပွဲများ ပြုလုပ်ကြသည့်အခါဖြစ်သလို တောင်သူလယ်သမားများအဖို့ "တောင်သူရွှင်ပြုံး၊ တန်ဆောင်မုန်း" ဆိုသည့်အတိုင်း တန်ဆောင်မုန်းလတွင် ကောက်စောစပါးများ မှည့်ဝင်းငိုက်တွဲကုန်ပြီဖြစ်၍ ကောက်ရိတ်သိမ်းမှု လုပ်ငန်းခွင်ဝင်ရောက်နေသည့် အချိန်အခါဖြစ်သည်။ ထိုကဲ့သို့ ပုံမှန်ရာသီဥတုဖြစ်စဉ်ကို ပျက်ပြားပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော မိုးသည်းထန်စွာရွာသွန်းမှုအခြေအနေများနှင့် ကြုံကြရသည့်အခါ စိုက်ပျိုးသီးနှံများနှင့် လူမှုစီးပွားအခြေအနေများအပေါ် ထိခိုက်လာနိုင်သည်များကို သတိပြု၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖွယ်ရာများကို ပြုလုပ်ကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအမြင့် ၉ ပေမှ ၁၁ ပေအထိ ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားရာ ကမ်းရိုးတန်းဒေသတစ်လျှောက်နှင့် ပင်လယ်ပြင်တွင် အသက်မွေးဝမ်းကျောင်းပြုကြသည့် သင်္ဘောများနှင့် တံငါလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် သတိပြုနေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရာသီတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်ဖြစ်စဉ်အမျိုးမျိုးတို့ကို ပြည်သူများအနေဖြင့် မိုးလေဝသဌာနမှ အချိန်နှင့်အမျှ ထုတ်ပြန်အသိပေးလျက်ရှိသော သတင်းများကို နားစွင့်လေ့လာပြီး မိမိတို့ နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုများအား သတိထားဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များသာမက ပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် အပြောင်းအလဲမြန်သည့် ရာသီဥတုဒဏ်ကြောင့် ဖြစ်ပေါ်လာတတ်သော ရာသီတုပ်ကွေးရောဂါများ၊ ပူခြင်း၊ အေးခြင်းအပြောင်းအလဲကြောင့် ဖြစ်ပေါ်တတ်သော ကျန်းမာရေးထိခိုက်မှုအန္တရာယ်များကိုလည်း ကြိုတင်ကာကွယ်ခြင်းနှင့် မကျန်းမမာဖြစ်ပါက နီးစပ်ရာဆေးဌာနများတွင် ကုသကြရန်လိုသည်။

သို့ဖြစ်ရာ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီး နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်များကို ရှောင်ရှားကြရန်နှင့် ပြည်တွင်းရေကြောင်း၊ လေကြောင်းသွားလာပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်းကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ပြန်လည်ထူထောင်ရေးဦးစီးဌာန

### လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |



## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာ နေရာတစ်ခုလည်းဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများ အဖြစ်ပါအသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- **ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး**
  **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- **ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)**
  **မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**
  ၀၉ ၇၆၅၂၆၂၆၇၉


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မီးပုံးပျံလွှတ်တင်ရေး ပြိုင်ပွဲဝင်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက မြန်မာ့ရိုးရာမီးပုံးငယ်များကို ကိုင်ဆောင်၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံ လွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ်များကို တစ်ပြိုင်နက် လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြရာ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန် မီးပုံးပျံများအား ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီး လွှတ်တင် ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး လာရောက်အားပေးကြသည့် မိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုကဲ့သို့ မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ

စာမျက်နှာ ၄ သို့ ☆



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။





၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

☆ စာမျက်နှာ ၃ မှ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည် ဖူးမြော်ကြည်ညိုပြီး သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးအား လက်ယာရစ် ထိုးခတ်ပူဇော်ကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး


စာမျက်နှာ ၅ သို့ ☆




စွမ်းအင်ဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။





ပြန်ကြားရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။




သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



အလုပ်သမားဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

☆ စာမျက်နှာ ၄ မှ

တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

**ခင်းကျင်းပြသရောင်းချ**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် ပြိုင်ပွဲဝင်အသင်းများက ကပြဖျော်ဖြေကြစဉ်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော် စတင်ကျင်းပ

## အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူတစ်ခဲနက် ပါဝင်ဆင်နွှဲ



**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးတွင် ယနေ့ညနေပိုင်းမှ စတင်၍ တန်ဆောင်တိုင်မီးထွန်း ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော် ပွဲတော်ကို စည်ကားသိုက်မြိုက် စွာကျင်းပလျက်ရှိရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူ များ ကုသိုလ်ယူတစ်ခဲနက်ပါဝင် ဆင်နွှဲကြသည်။

ယနေ့သည် တန်ဆောင်တိုင် ပွဲတော်ကြီး၏ ပထမဆုံးရက် ဖြစ်သော်လည်း ဘုရားမုခ်ဦး အပြင်ကားရပ်နားဝင်းနေရာများ၌ နေပြည်တော် ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ကားများ များပြားလျက်ရှိပြီး ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်/အထွက်လမ်းကြောင်း များ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ လည်း မီးထွန်းပွဲတော်ကြီး၌ တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူး ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ထို့ပြင် တာဝန်ရှိသူများ က တန်ဆောင်တိုင်ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေး အန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရား ဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေး အရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော် များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများဘုရားရင်ပြင် တော်သို့ သွားလာရေးလွယ်ကူစေ ရန်အတွက် မော်တော်ယာဉ်ငယ် များဖြင့် စနစ်တကျပို့ဆောင်ပေး ကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့် နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာ များ၊ ဈေးပွဲတော်နေရာများနှင့် အခြား သွားရောက်လေ့လာနိုင် မည့်နေရာများကိုလည်း အလွယ် တကူ သွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြ သည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်း သာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား ပန်း၊ ရေချမ်း နှင့် ဆီမီးကပ်လှူဖူးမြော်ကြည်ညို ကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးထွန်းညှိကပ်လှူပူဇော်ခြင်း၊ LED မီးများဖြင့် အလှဆင်ပူဇော် ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော် ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွှမ်း လျက်ရှိသည်။

ပွဲတော်ကြီး၏ အနှစ်သာရ ဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာ အသီးသီး၌လည်း ဘုရားဖူးလာ ပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အထူး စိတ်ဝင်တစား ကြည့်ရှုလေ့လာကြ သည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန်တွင် တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ် နေရာများအလိုက် မီးရှူး၊ မီးပန်း များ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီး နှင့် စိန်နားပန်မီးပုံးပျံကြီး များအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော် ကြရာ ဘုရားဖူးလာပြည်သူများ ၏ ကြည်နူးပီတိလက်ခုပ်သံများ ဖြင့် နေပြည်တော်တန်ဆောင်မုန်း လ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့ သည့်အပြင် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကြူးရေးဖွဲ့ထားသည့် တေး သီချင်းများ သီဆိုဖျော်ဖြေမှု ကြောင့်လည်း ပွဲတော်ကြီးကို ပိုမို ပြည့်စုံစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာန အလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင် ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်မှုတွင် သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီး ဌာနနှင့် ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံးတို့က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်မှုတွင် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့ က မီးပုံးပျံများ အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင် ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်း များနှင့် ပြည်သူများကလည်း သတ်မှတ်နေရာအသီးသီး၌ မီးပုံး ပျံငယ်များကို ပြိုင်တူလွှတ်တင် ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံ ကြီးများ၏အလှကို ပိုမိုပေါ်လွင် စေခဲ့သည်။

ထိုသို့ ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများက လည်း ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ် တီးခတ်မှုများ၊ သံချပ်တီးလုံးများ၊ မြန်မာ့ရိုးရာ ဆင်အကများ၊ ဆီမီးခွက် ကိုင်ဆောင် ပူဇော်ခြင်းများနှင့် အတူ တန်ဆောင်တိုင်ပွဲတော် ကာလကို ဖော်ကြူးရေးဖွဲ့ထား သည့် တေးသံသာများကြောင့် လည်း တန်ဆောင်တိုင်ညအလှ ကို ပိုမိုအသက်ဝင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အတွင်း၌လည်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့် အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့်ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများ နှင့် အံ့မခန်းဗိသုကာလက်ရာများ ကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ် တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော် နှင့်ယှဉ်တွဲ၍ ဖူးမြော်ကြည်ညို လေ့လာနိုင်ခဲ့ကြသည်။

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံ ဘုရားများ၊ ဂန္ဓကုဋ္ဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနဗိမာန်တော်ကြီးသို့ သွား ရောက်ဖူးမြော်ကြည်ညိုလေ့လာ ကြသည့် ဘုရားဖူးလာပြည်သူများ နှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်း အကြီး၊ ရေပန်းဝိုင်းအသေးနေရာ များ၌ မိသားစုလိုက်သော်လည်း ကောင်း၊ မိတ်ဆွေသူငယ်ချင်းအစု အဖွဲ့လိုက်သော် လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံ ရိုက်ကြသည့် ဘုရားဖူးလာပြည်သူ များဖြင့်လည်း အထူးစည်ကား လျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်း ပွဲတော်လာပြည်သူများ စိတ်အေး ချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲ နိုင်ရေးအတွက်လည်း တာဝန်ရှိသူ များနှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းတို့က ဘုရားပရိဝုဏ် အတွင်း စနစ်တကျလိုအပ်သည် များကို ကူညီဆောင်ရွက်ပေးသည့် အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ် လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် လည်း ကျန်းမာရေးစောင့်ရှောက် မှုဆေးခန်းများ ဖွင့်လှစ်ထားရှိ သည်ကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ကို မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲတော်၊ မသိုး သင်္ကန်းရက်လုပ် ပူဇော်ပွဲတော် များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်း ပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည် ဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတု တော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုရင်း တန်ဆောင်တိုင်ည ၏ အလှနှင့်ရသကို အပြည့်အဝ ခံစားနိုင်မည် ဖြစ်ကြောင်းလည်း သိရသည်။ **သတင်း – မျိုးဆက်သစ်**

**ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များသို့ ကြိတ်ကြိတ်တိုးပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူးစည်ကားများပြား

**နေပြည်တော် နိုဝင်ဘာ ၂**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ယနေ့ ညနေပိုင်းမှစတင်၍ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရဝဏ်အပြင်ဘက် သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ကြိတ်ကြိတ်တိုး ပါဝင်ဆင်နွှဲကြသည်။

**ပါဝင်ဆင်နွှဲ**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ရာ ယခုနှစ်တွင်လည်း ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အဆိုပါပြည်သူများ ဘုရားဖူးမြော်လာရောက်စဉ် စိတ်အပန်းဖြေပျော်ရွှင်မှုရှိစေရေးနှင့် လေ့လာဝယ်ယူနိုင်ရေးအတွက် MSME ထုတ်ကုန် ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ဒေသထွက်ကုန်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်အပါအဝင် ဖျော်ဖြေရေး အစီအစဉ်ကောင်းများဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပပေးခြင်းဖြစ်ရာ ပြည်သူများ တပျော်တပါး တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။



အဆိုပါပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများကို သက်ဆိုင်ရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသအလိုက် ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ဘုရားဖူးလာပြည်သူများက စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာ ပြခန်းများ၊ One Region One Product ထုတ်ကုန်ပစ္စည်း ပြခန်းများ၊ EV ကားနှင့် မော်တော်ဆိုင်ကယ်အရောင်းပြခန်းများ၊ ရခိုင်ရိုးရာနှင့် ရှမ်းရိုးရာ အစားအစာအရောင်းဆိုင်ခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်း ပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ အိမ်တွင်းလက်မှု အနုပညာ အရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များနှင့် မြန်မာ့ရိုးရာ အစားအစာ အရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက် မြန်မာ့ရိုးရာ မုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ထို့အတူ ပွဲတော်လာပြည်သူများ အတီး၊ အမှုတ်၊ အက၊ အခုန်၊ ဆိုင်းသံ၊ ဗုံသံ စုံလင်စွာ လွှမ်းခြုံထားသည့် မြန်မာ့ဇာတ်သဘင် အနုပညာကို ခံစားနိုင်စေရန်အတွက် နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်ကိုလည်း ထည့်သွင်း ဖျော်ဖြေပေးခဲ့ရာ ပြည်သူများ ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖိုးချစ်ဇာတ်ပွဲသဘင်တွင် ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ တွဲဖက်၍ ထူးချွန်ပြောင်မြောက်လှသည့် မင်းသား၊ မင်းသမီးများ၏ အဆို၊ အပြောနှင့် နှစ်ပါးသွားအကခန်း၊ အော်ပရာနှင့် စင်တင်ပြဇာတ်ကြီးများ၊ လူရွှင်တော်များ၏ စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပျက်လုံးများနှင့် ဟာသတစ်ခန်းရပ်များ၊ ဇာတ်သဘင်ကို အဓိကပံ့ပိုးပေးနေသည့် ဆိုင်းဝိုင်းကြီးများ၏ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများကြောင့် ဇာတ်ပွဲကြီး၏အနှစ်သာရကို ပိုမိုပေါ်လွင်စေခဲ့ပြီး အနုသုခုမကို စိတ်ဝင်စား၍ လာရောက်အားပေး ကြည့်ရှုကြသည့် ပြည်သူများ အနေဖြင့်လည်း စိတ်ကျေနပ်မှု အပြည့်အဝရရှိခဲ့ကြကာ အဆိုပါဇာတ်သဘင်ကို တန်ဆောင်တိုင် ကာလအတွင်း ညစဉ် ကပြတင်ဆက်သွားမည်ဖြစ်သည်။



ထို့ပြင် ပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတကို ခံစားနားဆင်နိုင်စေရန်အတွက်လည်း ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) ဖျော်ဖြေရေး အစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များ ဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့် နာမည်ကြီးအဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်တွဲဖက်၍ လူကြိုက်များလှသည့် တေးသီချင်းများဖြင့် အလှည့်ကျ ဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ရဟတ်၊ ပင်လယ်ဓားပြလှေ ပျော့အိ၊ ကလေးစီးကား စသည့် ကလေးကစားနည်းများ စုံစုံလင်လင် ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ်ပုံရိပ်များကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို တန်ဆောင်တိုင် ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကုသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေး အစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။

**သတင်း – ခေတ်လူငယ်**

**ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ**





# ရှေးဆန်မှုတွေနဲ့အပြိုင် ခေတ်မီမှုတွေ ပေါင်းဆုံတည်ရှိရာ မြို့နန်ကျင်းမှာ.....

**နန်ကျင်းမြို့ဟာ တရုတ်နိုင်ငံ ကျန်းစုပြည်နယ်ရဲ့ မြို့တော်ဖြစ်ပါတယ်။ ရှေးမင်းနေပြည်တော်လည်းဖြစ်ခဲ့တဲ့ နန်ကျင်းဟာ ရှေးဆန်မှုတွေနဲ့အပြိုင် ခေတ်မီမြို့ပြရဲ့ အငွေ့အသက်တွေနဲ့ ခရီးသွားတွေကို စွဲဆောင်နိုင်တဲ့ မြို့တစ်မြို့ပါ။ ဒီမြို့မှာ နှစ်ရက်တာ လည်ပတ်ခွင့်ရချိန်မှာ ကြည်နူးစရာ၊ အားကျစရာ၊ ဂုဏ်ယူစရာ၊ စိတ်လှုပ်ရှားစရာ စတဲ့ ခံစားချက်ပေါင်းစုံပေးစွမ်းနိုင်ခဲ့ပါတယ်။**

ခင်ခင်သက်

နန်ကျင်းမြို့ကို အောက်တိုဘာလအတွင်းက လည်ပတ်ခွင့်ရခဲ့ပါတယ်။ ဒီမြို့ကို လာရောက်လည်ပတ်ဖို့ အကောင်းဆုံးအချိန်ဟာ ဆောင်းဦးရာသီ အောက်တိုဘာလ၊ နိုဝင်ဘာလနဲ့ နွေဦးကာလ မတ်လမှ ဇွန်လအစောပိုင်းကာလတွေဖြစ်တာကြောင့် အောက်တိုဘာလမှာ မြို့ရဲ့အလှဟာ ထင်ရှားလို့နေပါတယ်။ ခေတ်မီမြို့ပြနဲ့ လိုက်ဖက်ညီစွာ လမ်းဘေးဝဲယာတစ်လျှောက် လှပတဲ့ မြေယာရှုခင်းတွေ၊ သစ်ပင်ပန်းမန်တွေနဲ့ သဘာဝအလှကို ထပ်ဆင့်မွမ်းမံထားသလို မြင့်မားလှတဲ့ အဆောက်အအုံတွေ၊ ခေတ်မီတဲ့ ဒီဇိုင်းတွေနဲ့ အမျိုးမျိုးသောတိုက်ကြီးတွေဟာ နန်ကျင်းရဲ့ ခေတ်မီတဲ့လူနေမှုအဆင့်အတန်းကို ပုံဖော်နေပါတယ်။ ဒီလို ခေတ်ရဲ့ဟန် အပြည့်ရှိနေတဲ့ အလှတွေကြားမှာ တစ်ခေတ်တစ်ခါက မင်းနေပြည်တော်အဖြစ် မာန်ဝင့်ခဲ့တဲ့ နန်ကျင်းရဲ့ အငွေ့အသက်တွေကိုလည်း ဖျောက်ဖျက်မထားခဲ့ပါဘူး။



မြန်မာမီဒီယာကိုယ်စားလှယ်အဖွဲ့ သာသနာရေးပြတိုက်ရှေ့၌ အမှတ်တရဓာတ်ပုံရိုက်စဉ်။

## နန်ကျင်းမြို့ရိုး

နန်ကျင်းမြို့မှာ တွေ့မြင်ခဲ့တဲ့ နန်ကျင်းမြို့ရိုးဟာ ခေတ်မီတဲ့အဆောက်အအုံတွေ၊ ကျယ်ပြန့်တဲ့လမ်းမကြီးတွေနဲ့ တစ်ဆက်တစ်စပ်တည်း ခမ်းနားဝင့်ကြွားစွာ တည်ရှိနေပါတယ်။ ဟွန်ဝူဘုရင်ဟာ မင်မင်းဆက်ကို တည်ထောင်ခဲ့ပြီး ၁၃၆၈ ခုနှစ်မှာ နန်ကျင်းကိုမြို့တော်အဖြစ် တည်ထောင်ခဲ့ပြီးနောက် ဒီမြို့ရိုးကို တည်ဆောက်ခဲ့တာပါ။ တည်ဆောက်ချိန်မှာ တောင်ပိုင်းက ကျူးကျော်သူတွေရဲ့ရန်ကနေ ကာကွယ်ဖို့ဖြစ်ပြီး တရုတ်နိုင်ငံသမိုင်းတစ်လျှောက် တည်ဆောက်ခဲ့တဲ့ အကြီးဆုံးမြို့ရိုးတွေအနက် တစ်ခုလည်း ဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ မြို့ရိုးပေါ်မှာ မီးတိုင်တွေ၊ အလှဆင်မီးတွေနဲ့ မွမ်းမံထားပြီး ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ခံထားရတဲ့ မြို့ရိုးကြီးကို ခေတ်မီမြို့ကြီးအလယ်မှာ ထည်ထည်ဝါဝါ တွေ့မြင်နေရပါတယ်။

**နန်ကျင်းမြို့မှာ တွေ့မြင်ခဲ့တဲ့ နန်ကျင်းမြို့ရိုးဟာ ခေတ်မီတဲ့ အဆောက်အအုံတွေ၊ ကျယ်ပြန့်တဲ့လမ်းမကြီးတွေနဲ့ တစ်ဆက်တစ်စပ်တည်း ခမ်းနားဝင့်ကြွားစွာ တည်ရှိနေပါတယ်။ ဟွန်ဝူဘုရင်ဟာ မင်မင်းဆက်ကို တည်ထောင်ခဲ့ပြီး ၁၃၆၈ ခုနှစ်မှာ နန်ကျင်းကို မြို့တော်အဖြစ် တည်ထောင်ခဲ့ပြီးနောက် ဒီမြို့ရိုးကို တည်ဆောက်ခဲ့တာပါ။ တည်ဆောက်ချိန်မှာ တောင်ပိုင်းက ကျူးကျော်သူတွေရဲ့ရန်ကနေ ကာကွယ်ဖို့ဖြစ်ပြီး တရုတ်နိုင်ငံသမိုင်းတစ်လျှောက်တည်ဆောက်ခဲ့တဲ့ အကြီးဆုံးမြို့ရိုးတွေအနက် တစ်ခုလည်း ဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ မြို့ရိုးပေါ်မှာ မီးတိုင်တွေ၊ အလှဆင်မီးတွေနဲ့ မွမ်းမံထားပြီး ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ခံထားရတဲ့ မြို့ရိုးကြီးကို ခေတ်မီမြို့ကြီးအလယ်မှာ ထည်ထည်ဝါဝါ တွေ့မြင်နေရ**

## နန်ကျင်းပြတိုက်

နန်ကျင်းမြို့ရဲ့ လည်ပတ်စရာနေရာတွေထဲမှာ နောက်ထပ်ချန်ထားလို့မရတဲ့ နေရာတစ်ခုကတော့ နန်ကျင်းပြတိုက်ပါ။ ၁၇ ဧကခန့်ကျယ်ဝန်းတဲ့ မြေပေါ်မှာ တည်ဆောက်ထားတဲ့ နန်ကျင်းပြတိုက်ဟာ တရုတ်နိုင်ငံအတွင်း အကြီးမားဆုံးပြတိုက်တွေထဲ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြတိုက်ရဲ့ဝင်ပေါက်အဆောင်ကိုတော့ ခေတ်မီဒီဇိုင်းနဲ့ ဖန်တီးထားပြီး အစဦးဆုံးဝင်ရောက်ရတဲ့ ပြခန်းအဝင်ကတော့ ရှေးခေတ်လက်ရာတွေနဲ့ ပုံဖော်ထားတာကိုလည်း တွေ့ရပါတယ်။ ဒီပြတိုက်မှာ ခင်းကျင်းပြသထားတဲ့ ပစ္စည်းအရေအတွက်ဟာ လေးသိန်းခန့်ရှိတယ်လို့လည်း မှတ်သားမိပါတယ်။ ပြခန်းခန်းမအနေနဲ့ဆိုရင် စုစုပေါင်း ၁၂ ခန်းရှိပြီး ခင်းကျင်းပြသထားတဲ့ ပစ္စည်းတွေထဲမှာ ရှေးခေတ်အသုံးအဆောင်တွေ၊ ဘုရင်တွေနဲ့ တော်ဝင်မျိုးနွယ်တွေ သုံးခဲ့တဲ့ပစ္စည်းတွေကစလို့ စစ်လက်နက်တွေ၊ ကျောက်စိမ်းအသုံးအဆောင်တွေလည်းပါဝင်တာ တွေ့ရပါတယ်။

## နန်ကျင်းနယူးရှိုးတောင်ယဉ်ကျေးမှု ခရီးသွားဇုန်

နန်ကျင်းနယူးရှိုးတောင်ယဉ်ကျေးမှုခရီးသွားဇုန်ဟာ နန်ကျင်းမြို့ရဲ့ တောင်ဘက်မှာ တည်ရှိပြီး မြို့ထဲကနေ ၁၅ ကီလိုမီတာအကွာမှာ တည်ရှိပါတယ်။ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားဇုန်တစ်ခုအဖြစ် ကျော်ကြားတဲ့ ဒီစင်တာမှာ ဗုဒ္ဓဘာသာဆိုင်ရာ ရှားပါးပစ္စည်းနဲ့ အနုပညာလက်ရာတွေကို ပေါင်းစည်းသိုလှောင်ပြသထားတာကိုလည်း တွေ့ရမှာပါ။ နွားဦးချိုသဏ္ဍာန်ရှိတဲ့ ဒီတောင်ဟာ အရင်တစ်ချိန်ကတော့ မိုင်းတွင်းတွေ တည်ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာမှ ခရီးသွားဇုန်အဖြစ် ပြန်လည်ဆန်းသစ်ဖန်တီးထားတာလည်း ဖြစ်ပါတယ်။ သဘာဝတရားရဲ့ အလှအပနဲ့ ကြည်နူးစရာခံစားမှုတွေကို ခရီးစဉ်က အသေအချာပေးစွမ်းနိုင်မှာပါ။ ဒီယဉ်ကျေးမှုဇုန်ကို သွားရောက်လည်ပတ်ရာမှာ အဝင်ကနေ တောင်ပေါ်ရောက်တဲ့အထိ လမ်းလျှောက်ပြီး တက်လို့ရသလို ကားနဲ့လည်းတက်ရောက်နိုင်ပါတယ်။ လမ်းလျှောက်ရင်ဖြင့် အစအဆုံး ၄၅ မိနစ်ခန့်ကြာမြင့်နိုင်ပေမယ့် လမ်းဘေးဝဲယာ ရှုခင်းတွေနဲ့ ပတ်ဝန်းကျင်က တောင်တွေရဲ့ အလှကိုလည်း ခံစားနိုင်မှာပါ။

ဒီခရီးသွားဇုန်ကို ၂၀၁၄ ခုနှစ်အတွင်း ခရီးသွားစွဲဆောင်ရာ နေရာတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့တာဖြစ်ပေမယ့် ဒီဒေသကတော့ ရှေးတန်မင်းဆက်လက်ထက်မှာကတည်းက ဘာသာရေးဆိုင်ရာ နယ်ပယ်တစ်ခုအဖြစ် တည်ရှိခဲ့တာပါ။ ဒီခရီးစဉ်မှာ သွားရောက်လည်ပတ်စရာနေရာတွေ များစွာရှိပေမယ့် အများစုကတော့ ဖူးဂုန်းသာကျောင်းတော်နဲ့ သာသနာရေးပြတိုက်ကို သွားရောက်ကြတာများပါတယ်။ ဖူးဂုန်းသာကျောင်းတော်ဟာ သမိုင်းဝင်အမွေအနှစ်နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဗုဒ္ဓရဲ့ဦးခေါင်းတော်ဓာတ်တော်ကို ထားရှိကိုးကွယ်ထားပြီးတော့ ဒီအချက်ကြောင့်လည်း ကျောင်းတော်ဟာ ဗုဒ္ဓဘာသာဝင်တို့ အလေးအနက်ထားလာရောက်လည်ပတ်စရာနေရာ ဖြစ်နေတာပါ။

ရှေးခေတ်လက်ရာတွေနဲ့ ထည်ဝါစွာတည်ရှိနေတဲ့ ဖူးဂုန်းသာကျောင်းတော်နဲ့အပြိုင် ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းနဲ့ဆောက်လုပ်ထားတဲ့ အဆောက်အအုံကတော့ သာသနာရေးပြတိုက်ကြီးဖြစ်ပါတယ်။ ဒီပြတိုက်ရဲ့ဒီဇိုင်းဟာ အတော်လေးထူးခြားပါတယ်။ မျက်နှာပြင်မှာ အချွန်သေးသေးလေးတွေပါဝင်တဲ့ အမိုးခုံးနှစ်ခုကို ထပ်ဆင့်ထားပြီး အရောင်ကိုတော့ ဗုဒ္ဓဘာသာဝင် သံဃာတော်တွေရဲ့ သင်္ကန်းအရောင်နဲ့ ဖန်တီးထားတာပါ။ ဒီအမိုးခုံးမှာပါဝင်တဲ့ အချွန်ငယ်လေးတွေကတော့ ဗုဒ္ဓမြတ်စွာရဲ့ ဆံကျစ်တော်ကို ရည်စူးထားတာလို့ သိရှိကြည်ညိုရပါတယ်။ ဒီပြတိုက်ကိုတော့ သဘာဝကျကျလှပစေဖို့ **စာမျက်နှာ ၉ သို့** ❖


ကွန်ဖြူးရှပ်ဘုရားကျောင်းဈေးအနီး အလှဆင်ထားသည့် ရောင်စုံမီးပုံးများ။


နန်ကျင်းပြတိုက် အဝင်ပြခန်းအဆောက်အအုံကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

ရွေးကောက်ပွဲ ကျင်းပရန်

၅၅ ရက်

သာ လိုတော့သည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကြည့်ရှုလေ့လာ





**နေပြည်တော် နိုဝင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိလာရာ မန္တလေးမြို့တော်ဝန်နှင့် ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံပြီး မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ်နေရာများဖြစ်သော မြနန်းစံကျော်ရွှေနန်းတော်၊ ကုသိုလ်တော်ဘုရား၊ ရွှေနန်းတော်ဘုန်းကြီးကျောင်း တို့အား လေ့လာဖူးမြော်ကြည်ညိုကြရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ပုဂံညောင်ဦးသို့ ဆက်လက်ထွက်ခွာရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်နှင့်အဖွဲ့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပုဂံမြို့ဟောင်းရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကြည့်ရှုလေ့လာကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲညွှန်ကြားရေးမှူးက ကမ္ဘာ့အမွေအနှစ် ပုဂံဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရားတို့၏ အနုပညာလက်ရာများကို စိတ်ဝင်တစား သွားရောက်လေ့လာကြည့်ရှုပြီး နန်းမြင့်မျှော်စင်မှ ပုဂံဒေသနေဝင်ဆည်းဆာအလှကို ကြည့်ရှု၍ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းနှင့် ယွန်းအရောင်းဆိုင်ရှိမြန်မာ့ရိုးရာ ယွန်းလက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့သည်။

**မြို့နယ်(ပြန်/ဆက် )**

---

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ယနေ့မွန်းလွဲ ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြစ်ဝကျွန်းပေါ် ကမ်းလွန်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

---

❖ စာမျက်နှာ ၈ မှ

ကျောက်သားအသွင် နံရံတွေနဲ့ ဆင်ယင်ထားတာပါ။ ဒီပြတိုက်ထဲကို ဝင်ရောက်ဖို့အတွက် ဝင်ပေါက် ၂၄ ပေါက်ရှိပြီးတော့ ဒီအရေအတွက်ဟာ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ ၂၄ ပစ္စည်းတရားတော်ကို ရည်ညွှန်းပူဇော်ထားတာလို့လည်း မှတ်သားခဲ့ရပါတယ်။

ဒီပြတိုက်အတွင်းမှာတော့ ခေတ်အဆက်ဆက်ကလက်ရာတွေ၊ နေရာဒေသစုံက ယဉ်ကျေးမှုဟန်ပန်တွေ ရောယှက်နေတဲ့ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်တွေကို ဖူးတွေ့ရပါတယ်။ မိုင်းတွင်းဟောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ဒီပြတိုက်ကို လာရောက်လည်ပတ်သူတွေဟာ မြေအောက်ထဲကို တစ်ထပ်ချင်းဝင်ရောက်ရင်းနဲ့ ဘေးဝဲယာမှာ ပူဇော်ထားတဲ့ မြတ်စွာဘုရားဆင်းတုတော်တွေကို ဖူးတွေ့နိုင်ပြီး အဆုံးမှာတော့ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို ခန်းမကျယ်ကြီးအတွင်း သပ္ပာယ်စွာ ဖူးတွေ့ရပါတယ်။ ဘေးဘက်နံရံပေါ်မှာတော့ ဒီခရီးသွားဇုန်အတွင်းမှာရှိတဲ့ တောင်တွေ၊ ဘုရားကျောင်းတွေကို အစုံအလင်ထည့်သွင်းရေးဆွဲထားတဲ့ ပန်းချီကားချပ်ကြီးကို တွေ့မြင်ရပါတယ်။ ဒီပြတိုက်မှာ ခင်းကျင်းထားတဲ့ ဗိသုကာလက်ရာတွေဟာ ခေတ်သစ်ဒီဇိုင်းနဲ့ ရှေးရိုးဗိသုကာစပ်ကူးများကို ပေါင်းစပ်ထားတာ တွေ့ရပါတယ်။ ဘာသာရေးဆိုင်ရာ နေရာတစ်ခုဖြစ်တာနဲ့အညီ ရွှေရောင်နဲ့ အနီရောင်ကိုအဓိကထားအသုံးပြုထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။



ကွန်ဖြူးရှပ်ဘုရားကျောင်းဈေးအနီး လှေဆိပ်၏ညအလှမြင်ကွင်း။

ညဘက်တွေမှာတော့ နန်ကျင်းဟာ ရောင်စုံမီးရောင်တွေထဲမှာ ပိုမိုလှပလို့နေပါတယ်။ ခေတ်မီဒီဇိုင်းနဲ့ ထွန်းညှိထားတဲ့ အမျိုးမျိုးသော ရောင်စုံမီးတွေထဲမှာ ရှေးခေတ်ဆန်ဆန်မီးပုံးလေးတွေ ချိတ်ဆွဲထွန်းညှိထားတဲ့ ကွန်ဖြူးရှပ်ဘုရားကျောင်းဈေးဟာ နန်ကျင်းရဲ့ညတွေထဲမှာတော့ လူအစည်ကားဆုံးနေရာတစ်ခုပါ။ ဒီဘုရားကျောင်းပတ်ဝန်းကျင်မှာ နာမည်ကျော်လှတဲ့ ရိုးရာစားသောက်ဆိုင်တွေလည်း ရှိပါတယ်။ ဒါ့အပြင် မြစ်အတွင်းမှာ လှေစီးရတဲ့ခရီးစဉ်ကတော့ ခရီးသွားတွေ အလွန်နှစ်သက်တဲ့အရာတစ်ခုလည်းဖြစ်ပါတယ်။ သစ်သားလှေလေးပေါ်မှာ ရိုးရာတေးသွားတွေကို ငြိမ့်ငြိမ့်ညောင်းညောင်းခံစားရင်း ဘေးဝဲယာက ရောင်စုံမီးအလှတွေနဲ့ ဆင်ယင်ဖန်တီးထားတဲ့ အဆောက်အအုံတွေကို တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် တွေ့မြင်ရမှာပါ။ ရိုးရာလှေလေးပေါ်က လွမ်းဆွတ်ဖွယ်ခံစားမှုတွေ စွဲကျန်ရစ်ခဲ့ပြီးနောက်မှာတော့ နန်ကျင်းရဲ့ ခေတ်မီမှုကို မီးမောင်းထိုးပြနေတဲ့ ကျည်ဆန်ရထားကိုစီးကာ နှုတ်ဆက်ခဲ့ရပါပြီ။ နန်ကျင်း-ရှန်ဟိုင်းကျည်ဆန်ရထားပေါ်မှာ ကျည်ဆန်ရထားပထမဆုံးစီးရတဲ့အတွေ့အကြုံကို စိတ်လှုပ်ရှားမိရင်း နှစ်ရက်တာလည်ပတ်ခဲ့ရတဲ့ နန်ကျင်းကို နောက်ထပ် တစ်ခေါက်တစ်ခါအရောက်လာပြီး ဒီထက်သာလွန်တဲ့ အတွေ့အကြုံတွေ ထပ်မံရှာဖွေချင်မိနေပါတော့တယ်။ ။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရေး အကြိုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

နေပြည်တော် နိုဝင်ဘာ ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခန့်မွန်ဆွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်ရေးအတွက် အကြိုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သင်ကြားရေး ဆရာ ဆရာမများနှင့် ရုံးလုပ်ငန်းဝန်ထမ်းများ လုပ်ငန်းခွင်ဝင်ရောက်ရန် အသင့်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ ပင်မဆောင်တွင် ရုံးခန်း၊ စာသင်ခန်းများ နေရာချထားရန် လျာထားမှု၊ မြေနှင့် အဆောက်အအုံများ ပရိဘောဂများလွှဲပြောင်းလက်ခံရရှိမှု၊ ရုံးခန်းနှင့် ဝန်ထမ်းများအား ယာယီနေရာချထားမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ ဖွဲ့စည်းပုံနှင့် ခွင့်ပြု ခန့်ထားအင်အားနှင့် ရန်ပုံငွေဆိုင်ရာများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင် အရင်းအမြစ်များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရန် နိုင်ငံတော်က မြန်မာနိုင်ငံအောက်ပိုင်းဒေသ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် အသစ်တိုးချဲ့ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) အနေဖြင့် ယခုနှစ်တွင် ပထမနှစ်ဘွဲ့ကြိုသင်တန်းကို စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စာသင်နှစ်အလိုက် တန်းစဉ်များ တိုးမြှင့်ဖွင့်လှစ်ပေးသွားမည်ဖြစ်၍ လိုအပ်ချက်များကို ဦးစားပေးအလိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်၏ အဆောက်အအုံများ၊ လမ်းနှင့် ရေမြောင်းများ ပြင်ဆင်မွမ်းမံမှုဆိုင်ရာ လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများက ကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်၍ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းကြရန် ဆွေးနွေးပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက္ကသိုလ်အဝင်မုခ်ဦးနှင့်လမ်းများ ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောင်းမျက်နှာစာရှိ မူလရေဝပ်နေရာအား ယာယီရေကန်ငယ်အဖြစ် ဆောင်ရွက်နေမှု၊ ကျောင်းအတွင်းရှိ ရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်ကြားရေး ဆရာ ဆရာမများ၊ ရုံးလုပ်ငန်း ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆိုလာမီးအိမ်များ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းခြံစည်းရိုးများ ကာရံခြင်းလုပ်ငန်းခွင်နှင့် ရေနုတ်မြောင်းများ၊ ကျောင်းသား ကျောင်းသူအဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ အားကစားကွင်းများ မွမ်းမံပြင်ဆင်ရန် ဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူ ၂၀၀၀ အတွက် အဆောင်ဆောက်လုပ်ရန် ရွေးချယ်ထားသည့်မြေနေရာတွင် အောက်ခံမြေလွှာစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကွမ်းခြံကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူများသို့ နေကြာမျိုးစေ့များနှင့် Drum Seeder များ ဖြန့်ဖြူးပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူများသို့ နေကြာမျိုးစေ့များနှင့် Drum Seeder များ ဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ ဗိုလ်ချုပ်လမ်းဘေးရှိ တောင်သူ ဦးဝင်းကြည်၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က Drum Seeder ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းအားဖြင့် တောင်သူကြီးများအတွက် ပျိုးနုတ်စိုက်ပျိုးခြင်း လုပ်အားခကုန်ကျစရိတ်ကို သက်သာစေခြင်း၊ အချိန်ကုန်သက်သာစေခြင်းနှင့် သီးနှံများ ညီညာစွာ ပေါက်ရောက်စေခြင်းတို့ကြောင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က တွံတေးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က မိုးစပါးစိုက်ပျိုးမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်မောင်ကြည်က တိုင်းဒေသကြီးအတွင်း Drum Seeder များ ဖြန့်ဝေအသုံးပြုမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများနှင့် တာဝန်ရှိသူများအား Drum Seeder များနှင့် နေကြာမျိုးစေ့များကိုပေးအပ်ကာ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Drum Seeder များအကြောင်းကို တက်ရောက်လာသူများအား ရှင်းလင်းပြသပြီး မိုးစပါးစံကွက် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် Drum Seeder များ၊ ဓာတ်မြေဩဇာများ၊ စပါးမျိုးစေ့နမူနာများ၊ ကောက်ရိုးထုံးစက်နှင့် ကောက်ရိုးထုံးများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး အနိမ့်တင်ဆိုလာ ၁၄ ချပ်တွဲနှင့် ၂ ချပ်တွဲ ရေတင်စက်များကို ပြသထားသည်။

ယနေ့ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူ ဦးဝင်းကြည်၏ လယ်မြေကို စိစစ်ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးတင်း အခြောက်ထွက်နှုန်း ၁၁၄ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ နတ်တလင်းမြို့ ရွှေလင်းခန်းမ ဘက်စုံအဆင့်မြှင့်တင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဇီးကုန်းမြို့မဈေးသို့ သွားရောက်၍ ဈေးအတွင်း ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ သတ်မှတ်ထားသည့် လျှောက်လမ်း ဧရိယာအတိုင်း ကျူးကျော်ဈေးရောင်းချမှုမရှိစေရေး၊ ကုန်စိမ်းဈေးတန်းနှင့် သားငါးဈေးတန်းတို့အတွက် ဈေးရုံအသစ်တစ်ခု အမြန်ဆုံးတည်ဆောက်ပေးရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လက်ပံတန်းမြို့နယ် ဓနတိုးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးစိုင်းဝေလင်း၏ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွ စုစုပေါင်း ကောင်ရေ ၃၀၀၀၀ အောင်မြင်စွာ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသတွင်း ငါးစားသုံးမှု ဖူလုံစေရေး ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ အစားအစာ ဘေးကင်းလုံခြုံမှု ရှိစေရေး သတ်မှတ်နည်းလမ်းအတိုင်း မွေးမြူသွားရန်၊ ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် ငါးစာထုတ်လုပ်မွေးမြူရန်နှင့် ကိုယ်တိုင်သားဖောက် မွေးမြူခြင်းအပြင် တိုင်းရင်းငါးမျိုးများလည်း တိုးချဲ့မွေးမြူနိုင်ရေး မှာကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၌ လွတ်ကျောင်းစနစ်ဖြင့် ဥစားဘဲ မွေးမြူထားရှိမှုကို လည်းကောင်း၊ တန်ဖိုးမြင့်ပေါ်ဆန်း လေးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုအားပေးပြီး မြို့နယ်အလိုက် တန်ဖိုးမြင့်ပေါ်ဆန်းစပါး စိုက်ပျိုးရေးဇုန်များ ဖော်ဆောင်ရန်၊ ဒေသနှင့် ကိုက်ညီသည့် ပေါ်ဆန်းစပါးမျိုး လုံလောက်စွာရရှိရေးနှင့် တောင်သူ အသိပညာပေးခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့၌ လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေး လုပ်ငန်းရှင် ဦးမြင့်ထွေး၏ အကွက်ကျယ် စပါးမျိုးစေ့ချစက်နှင့် ထွန်စက်တွဲ ဘက်စုံသုံး အစေ့ချစက် တီထွင်ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုအားပေးကာ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လယ်ယာသုံးစက်ကိရိယာများ မဖြစ်မနေသုံးစွဲရမည်ဖြစ်၍ လယ်ယာသုံးစက်ကိရိယာမျိုးစုံ တီထွင်ထုတ်လုပ်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တက်ရောက်ဆုချီးမြှင့်



**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ နည်းပြများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် ပုသိမ်ဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးသည်အထိ ဂိုးမရှိသရေကျသဖြင့် အချိန်ပိုနှင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ပုသိမ်ဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို ၆ဂိုး-၅ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံး(အမျိုးသမီး၊ အမျိုးသား) အားကစားသမားဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကိုလည်းကောင်း၊ တတိယဆုရ မော်လမြိုင်ဇုန်(အမျိုးသမီး)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ တတိယဆုရ ရန်ကုန်ဇုန် (အမျိုးသား) အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ဒုတိယဆုရ နေပြည်တော်ဇုန် (အမျိုးသမီး)အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ဒုတိယဆုရ မော်လမြိုင်ဇုန်(အမျိုးသား)အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပထမဆုရရှိသော ပုသိမ်ဇုန် (အမျိုးသမီး) အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေကျပ်သိန်း ၅၀ နှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပထမဆုရ ပုသိမ်ဇုန်(အမျိုးသား)အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေကျပ်သိန်း ၅၀ နှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးဖလား တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မြစ်ကြီးနား နိုဝင်ဘာ ၂**

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဖလား ၂၀၂၅ ခုနှစ် တိုင်းရင်းသား မျိုးနွယ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း၌ ဌာနေ တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ၊ ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က တိုင်းရင်းသား မျိုးနွယ်စုများ စုပေါင်းပြီး ဘောလုံးပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မျိုးနွယ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲအား ဖွင့်လှစ်ကြောင်း ကြေညာကာ ဘင်ခရာ အတီးအမှုတ်များနှင့်အတူ မိုးပျံပူဖောင်းများ လွှင့်တင်ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှု အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကချင်တိုင်းရင်းသား မျိုးနွယ်စုအသင်းများဖြစ်သည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်းဝါး၊ လီဆူ၊ ရဝမ်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းတိုင်းရင်းသား မျိုးနွယ်စုအသင်းများဖြစ်သည့် တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ မျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုအပါအဝင် ဘောလုံးအသင်း ၁၂ သင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားမျိုးနွယ်စုအလိုက် လာရောက်ကြည့်ရှုအားပေးသူများ၊ ဘောလုံးချစ်ပရိသတ်များနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ် လော်ဝေါ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ တိုင်းလိုင်နှင့် တိုင်းဆာရှမ်းတိုင်းရင်းသား မျိုးနွယ်စုများ၏ အကအလှဖြင့် ဖျော်ဖြေတင်ဆက်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအကအဖွဲ့များနှင့် ဖွင့်ပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် ဘင်ခရာအဖွဲ့နှင့် ကျောင်းသူများအား ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကာ တိုင်းရင်းသားမျိုးနွယ်စုဘောလုံးအသင်း ၁၂ သင်းတို့အတွက် တစ်သင်းလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ လော်ဝေါ်မျိုးနွယ်စု ဘောလုံးအသင်းနှင့် တိုင်းလုံရှမ်းမျိုးနွယ်စု ဘောလုံးအသင်းတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ နံနက်ပိုင်းကလည်း ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စုအတွင်း ဖော်ထုတ်လျက်ရှိသော အားကစားနှင့် ကာယပညာသိပ္ပံကျောင်း၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ မြေနေရာများအပါအဝင် ကျေးရွာတိုးချဲ့ကွက်သစ် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မော်ဖောင်းကျေးရွာအုပ်စုအတွင်း ကွင်းအမှတ် (OSS-၂၈၂) ပိတောင်ပယ်ဖျက်ကွင်းအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာဧက ၄၈၀ အတွင်း ဌာနဆိုင်ရာ မြေနေရာသတ်မှတ်လျာထားပြီးစီးမှု၊ ပတ်လမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာတိုးချဲ့ကွက်သစ်မြေဧရိယာအား အဆောက်အဦနှင့် အိုးအိမ်ဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများက မြေပြင်အခြေအနေ ကွင်းဆင်းတိုင်းတာ၍ အိမ်ရာမြေကွက်များ၊ ဈေး၊ ကျောင်းနှင့် ကစားကွင်းများ၊ လမ်းသွယ်များနှင့် ရေကျော်တံတားတည်ဆောက်မည့်မြေနေရာများ သတ်မှတ်လျာထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပညာရေး ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်) အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ



**ဘားအံ နိုဝင်ဘာ ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန့်နေ့နံနက်ပိုင်းက အထက(လှိုင်းဘွဲ့)ခန်းမ၌ ကျင်းပခဲ့ရာ အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် သဘာပတိ ဒေါ်စန်းစန်းဝင်းက အမှာစကားပြောကြားပြီး လှိုင်းဘွဲ့မြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အတွင်းရေးမှူး ဦးမျိုးမင်းထွန်းက ဖတ်ကြားကာ အသင်းသား စာရင်းစစ်အစီရင်ခံစာအား ဒေါ်နန်းဝင်းရွှေက ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူခဲ့သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ တက်ရောက်လာကြသော အသင်းသားများအား အစုပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



သရက်မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ သရက်မြို့သတ္တဌာနဘုရား၊ ဗုဒ္ဓမြတ်စွယ်တော်တိုက် မီးဘေးလုံခြုံရေးအတွက် နိုဝင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးကာ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ရှိ/မရှိနှင့် ဂေါပကအဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနိုင်ရေး စစ်ဆေးအကြံပြုစဉ်။ ကောင်းစစ်နိုင်

# ဘဝတစ်လျှောက်လုံး စာပေနဲ့ လက်ပွန်းတတီး နေခဲ့တဲ့အတွက် ဒါကို အနှစ်သာရရှိတဲ့အနေနဲ့ ပေးတာလို့ ကျွန်တော် မြင်ပါတယ်

**စာရေးဆရာကြီး ကို(တက္ကသိုလ်)**

**တွေ့ဆုံမေးမြန်း-နဒီမင်း**

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုများ ချီးမြှင့်ပေးအပ်ခဲ့ရာ ဆုရရှိခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများနှင့် မေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။



ဒေါက်တာဒေါ်ပို(မလေးပို)



စာရေးဆရာကြီး ဦးသန်းညွန့်



စာရေးဆရာကြီး ဦးကိုကို



ဒေါက်တာခင်သန်းဦး



စာရေးဆရာမကြီးဒေါ်တင်ရီ

**စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို(မလေးပို)**

အသက်က အခု ၈၇ နှစ်ပြည့်ခါနီး ၈၈ နှစ်ထဲရောက်တော့မယ်။ စာရေးသက်က ရန်ကုန်တက္ကသိုလ်ရောက်တဲ့ ၁၉၅၅ခုနှစ် အဲဒီအချိန်ကစပြီး အခုထိရေးတာပါ။ စာပေလောကထဲ ကျင်လည်ခဲ့တာပါ။ စာတွေလည်းရေးခဲ့သလို အရေးထက် အပြောကို ပိုအားသန်တော့ စာပေဟောပြောပွဲတွေမှာလည်း ဟောပြောပါတယ်။

အခုလို ဂုဏ်ပြုပေးတာဟာ မြန်မာစာပေ တိုးတက်ရေးကို အများကြီး အထောက်အကူပြုတာပေါ့နော်။ ပုဂံခေတ်ကစပြီး ယနေ့အထိ နှစ်ပေါင်းထောင်ချီကြာလာတယ်ဆိုတာ စာပေကို ပြုစုတဲ့သူတွေရော အားပေးတဲ့ ပြည်သူတွေရော ပါဝင်မှုရတာလေ။ မြန်မာစာပေရဲ့သမိုင်းဟာ ဆိုရင် လူမျိုးရဲ့ ဂုဏ်ကိုမြှင့်တင်ပေးတာ။ စာပေမြင့်မှ လူမျိုးတင့်တယ်တာ။ စာပေကနေ ကောင်းကျိုးချမ်းသာတွေ အများကြီးလုပ်ခဲ့တယ်။ စာပေကြောင့် ကိုယ့်တိုင်းပြည် စုစုစည်းစည်း ဖြစ်အောင် လုပ်နိုင်တယ်။ အင်္ဂလိပ်ခေတ်မှာတောင် မြန်မာစာပေ ပညာရှင်ကြီးတွေကနေ ဥပမာလယ်တီပဏ္ဍိတဦးမောင်ကြီးတို့၊ သခင်ကိုယ်တော်မှိုင်းတို့ အများကြီးပါပဲ။ လွတ်လပ်ရေးပြန်ယူရအောင် ကြိုးပမ်းအားထုတ်ခဲ့တာ၊ စာပေကနေ အမျိုးစုံတိုက်တွန်းခဲ့တာ၊ ပြည်သူလူထုက စာကြောင့် မျက်စိပွင့်ကြတာပေါ့။ စာပေရဲ့ဂုဏ်ကျေးဇူးဟာ အင်မတန်ကြီးတယ်၊ ရေးတဲ့သူရှိပြီး မဖတ်လို့ရှိရင် အလကားပဲလေ၊ စာပေပြုစုတဲ့သူရော၊ ရေးတဲ့သူရော၊ ဖတ်တဲ့သူရောရှိမှ မြန်မာစာပေသမိုင်းကြီးဟာ ကမ္ဘာတည်သရွေ့ တည်ရှိနေမှာပါ။ ဒါမှ မြန်မာစာပေနဲ့ မြန်မာလူမျိုးဆိုတာ တင့်တင့်တယ်တယ်ဖြစ်မှာလေ၊ ဒီလို တင့်တယ်ဖို့ဆိုတာ စာပေနဲ့ပတ်သက်ပြီး အားပေးချီးကျူးကြမှ စာပေရဲ့ ကြီးပွားတိုးတက်မှုလည်း ဖြစ်လာမှာ။ အခုလို စာပေပြုစုသူတွေ၊ စာရေးဆရာကြီး၊ ဆရာမကြီးတွေကို နိုင်ငံတော်ကနေ ပြီးတော့မှ ချီးကျူးဂုဏ်ပြုတာဟာ၊ အားပေးတာဟာ စာပေအတွက်ဆိုပေမယ့် နိုင်ငံအတွက်ပါ တစ်ခါတည်းပါသွားပြီ။ အဲဒါကြောင့် ဒီလို ဂုဏ်ပြုပေးတာဟာ အင်မတန်အကျိုးကျေးဇူး များပါတယ်လို့ ပြောချင်ပါတယ်။ နောင်ကိုလည်း ဆက်လက်ပြီးတော့ ရေးသူတွေကလည်း ရေးကြပါ၊ နိုင်ငံတော်ကလည်း အမြဲအားပေးပါလို့ ဆန္ဒပြုပါတယ်။

**ကိုယ်ရေးအကျဉ်း**

ဆရာမကြီး ဝဏ္ဏကျော်ထင် ဒေါက်တာဒေါ်ပိုကို ၁၂-၁-၁၉၃၉ ခုနှစ်တွင် စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မင်းကင်းမြို့တွင် မွေးဖွားသည်။ ၁၉၅၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ၁၉၆၈ ခုနှစ်တွင် လယ်တီပဏ္ဍိတအတ္ထုပ္ပတ္တိနှင့် စာပေကျမ်းဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် မော်လမြိုင်ကောလိပ် မြန်မာစာဌာနတွင် နည်းပြဆရာမ အဖြစ် စတင်ထမ်းဆောင်ခဲ့ပြီး ပုသိမ်ကောလိပ်၊ မော်လမြိုင်ကောလိပ်၊ ရန်ကုန်တက္ကသိုလ် တို့တွင် လက်ထောက်ကထိက၊ ၁၉၈၀ ပြည့်နှစ်တွင် မကွေး ဒီကရီကောလိပ်တွင် ကထိက၊ ထို့နောက် တွဲဖက်ပါမောက္ခ၊ ပါမောက္ခ/ဌာနမှူး ရာထူးဖြင့် တာဝန် ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကျွမ်းကျင်ပညာရှင်အကြံပေးအရာရှိ၊ အချိန်ပိုင်း ပါမောက္ခတာဝန်များ ထမ်းဆောင်ခဲ့ပြီး ပါရဂူကျမ်းကြီးကြပ်စစ်ဆေးရေးတာဝန်များ ဆောင်ရွက်သည်။

၁၉၉၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက္ကသိုလ်ပညာရေးလုပ်ငန်းများ လေ့လာရေးသွားရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် အရှေ့တောင်အာရှရေးရာ ဧည့်ပါမောက္ခအဖြစ် ပညာရေးဝန်ကြီးဌာန၏တာဝန်ပေးချက်အရ သွားရောက်ခဲ့စဉ်အတွင်း မြန်မာအမျိုးသမီး (SIBA Shizuoka International Burmese Association Journal 1996) နှင့် မြန်မာယွန်းလုံချည် (Fugita Yante-1997) စာတမ်းဆောင်းပါးများ ပြုစုရေးသားခဲ့သည်။

နိုင်ငံတော်မှ ဝိဇ္ဇာပညာရပ်ထူးချွန် ဒုတိယဆင့်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေး တံဆိပ်၊ ဝန်ထမ်းကောင်း တံဆိပ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်)၊ ဝဏ္ဏကျော်ထင်ဘွဲ့များ ပေးအပ်ခဲ့သည်။

**စာရေးဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)**

ဒီဆုကတော့ စာပေဆုမှာ အမြင့်ဆုံးပဲလေ။ ဒီလိုဆုရတော့ အထူး ဝမ်းသာတယ်ပေါ့ဗျာ။ စာပေနဲ့လည်း ဆက်ပြီးတော့ အကျိုးပြုနိုင်တဲ့ သဘောမျိုးရှိတယ်ဆိုတော့ ဝမ်းသာပါတယ်။ အခုနောက်ပိုင်း စာဖတ်တာတွေ နည်းလာကြတယ်လေ။ အွန်လိုင်းသုံးတာများလာတော့ စာဖတ်တဲ့အရှိန်က လျော့လာတယ်လို့ပြောလို့ရတာပေါ့။ စာဖတ်တဲ့အလေ့အကျင့်လေးတွေ ပြန်ဖော်ထုတ်ချင်တာပေါ့။ ကျွန်တော်တို့လည်း တတ်နိုင်တဲ့ဘက်ကနေ လုပ်ပေးချင်တယ်။ အခုလို ကျွန်တော်ပြောသင့်ပြောထိုက် ပြောခွင့်ရတဲ့အခါမှာ ဒါလေးတွေ ထည့်ပြောခွင့်ရလို့ ဝမ်းသာပါတယ်။ ကျွန်တော် ၂၀၀၀ ပြည့်နှစ်က ပြဇာတ်စာပေနဲ့ အမျိုးသားစာပေဆုရခဲ့တယ်။ စင်ပေါ်မှာကပြတဲ့ ပြဇာတ်နဲ့ စာပေမှာရေးထားတဲ့ ပြဇာတ်နဲ့ အဲအဆက်ဆက်လေးကိုလည်း ကျွန်တော်က လုပ်ချင်နေပါတယ်။ ကြုံတဲ့အခါလည်း ပြောချင်တယ်။ ကျွန်တော်တို့ စာပေဗိမာန်က ခေါ်တဲ့ပြဇာတ်၊ အမျိုးသားစာပေဆုပေးတဲ့ပြဇာတ်၊ အဲဒီပြဇာတ်တွေက အရေးပြဇာတ်ကို ဆုပေးကြတာပါ။ နည်းနည်းလေးကွာနေတယ်။ ပြဇာတ်ဆိုတာနဲ့ စင်ပေါ်မှာရှိတဲ့ ပြဇာတ်ကိုပဲ မျက်စိထဲမြင်နေကြတယ်။ စင်ပေါ်ကပြဇာတ်ကတော့ တွေ့ကြတယ်၊ ချစ်ကြတယ်၊ ညားကြတယ်၊ လွမ်းကြတယ်၊ ဆွေးကြတယ်။ နောက်တော့ ပြန်လည် ပေါင်းစည်းကြတယ်။ ဒီဇာတ်လမ်းပေါ်မှာ လျှောက်လှမ်းကြတာများတာပေါ့။ ကျွန်တော်ရေးတဲ့ ပြဇာတ်တွေက ၁၂ ပုဒ်နီးပါးရှိနေပြီ။ တကယ့်ပကတိဖြစ်ရပ်ကို စာအားဖြင့်လည်း တင်ချင်တယ်။ စင်ပေါ်မှာလည်း ထူးခြားတဲ့ အဖြစ်အပျက်တွေကို ပြဇာတ်အနေနဲ့ ဖြစ်လာစေချင်တယ်။ ဒါကျွန်တော့်ရဲ့ဆန္ဒပါ။

**ကိုယ်ရေးအကျဉ်း**

ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)ကို အဖ ဦးအုန်း၊ အမိ ဒေါ်နှင်းတင်တို့မှ ၁၉၄၁ ခုနှစ်တွင် ဖျာပုံမြို့နယ် သမိန်ထောရွာတွင် မွေးဖွားခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ဝန်ထမ်းဘဝတွင် လက်ထောက်မြို့ပိုင်၊ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း သင်တန်းအဖွဲ့မှူး၊ ပြည်သူ့ကောင်စီအတွင်းရေးမှူး၊ မြို့နယ်ရုံးအဖွဲ့မှူး၊ မြို့နယ်ဦးစီးအရာရှိ စသည့် နိုင်ငံ့တာဝန်များ ထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ထူးချွန်ဝန်ထမ်းကောင်း တံဆိပ်ရရှိခဲ့သည်။

စာပေနယ်ထဲသို့ ၁၉၆၁ ခုနှစ် ငွေတာရီမဂ္ဂဇင်းတွင် "လောကအလှကဗျာ"ဖြင့် စတင်ဝင်ရောက်ခဲ့သည်။ ၎င်းကဗျာသည် အလယ်တန်းကဗျာ လက်ရွေးစင်စာအုပ်တွင် ထည့်သွင်းပြဋ္ဌာန်းခြင်းခံရသည်။ ငွေတာရီ၊ ရှုမဝ၊ နဝဒေး စသည့်မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ်ခန့်မှစ၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ပြဇာတ်စာပေ ၁၁ ဆု၊ ယဉ်ကျေးမှုအနုပညာတစ်ဆု၊ စာပဒေသာတစ်ဆု၊ ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ကျမ်းစာ သုံးဆု၊ ဝတ္ထုရှည်တစ်ဆုစသည်ဖြင့် ဆုများအသီးသီး ရရှိခဲ့သည်။

ယခုအခါ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

**စာရေးဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်)**

အမျိုးသားစာပေဆုကတော့ စာအုပ်တစ်အုပ်ပေါ်မှာပဲ မူတည်ပြီးပေးတာပေါ့။ တစ်သက်တာစာပေဆုဆိုတာကတော့ ဆုချီးမြှင့်ခံရတဲ့ စာရေးဆရာကြီးတွေ တစ်သက်လုံး စာပေနဲ့ ထိတွေ့လာပြီး သူတို့ရဲ့ဘဝတစ်သက်တာမှာ စာပေနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာလည်းပါဝင်ပြီး ဆောင်ရွက်လာခဲ့ကြတယ်ဆိုပြီးတော့ အထူးသဖြင့် ဘဝတစ်လျှောက်လုံး စာပေနဲ့ လက်ပွန်းတတီးနေခဲ့တဲ့အတွက် ဒါကို အနှစ်သာရရှိတဲ့အနေနဲ့ပေးတာလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ကတော့ တစ်သက်တာစာပေဆုကို အများကြီးတန်ဖိုးထားရမယ်လို့ ကျွန်တော်မြင်ပါတယ်။

ဒီဘက် ခေတ်မှာတော့ တော်တော်လေး စာဖတ်တာ အားနည်းနေတာကို ကျွန်တော်တွေ့တယ်။ အရင်လိုမဟုတ်တော့ဘူးလို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့က ရေးသာရေး လိုက်တာ ဖတ်တဲ့သူအပိုင်းကျတော့ ကျွန်တော်တို့မြင်ဖို့ကျ တော်တော်လေး ခက်တယ်။ များသောအားဖြင့်တော့ အွန်လိုင်းမှာပဲ စာဖတ်ကြတာ များတယ်။ ကျွန်တော်တို့ ဟိုနားဒီနားပဲ သွားသွား ဘယ်ကိုပဲသွားသွား ကျွန်တော်တို့ ငယ်ငယ်ကဆို စာအုပ်လေးတွေ ဖတ်တယ်။ ဂျာနယ်လေးတွေ ဖတ်တယ်၊ အခုကျတော့ ဖုန်းနဲ့ပဲ ဖတ်နေကြတာတွေ့နေရတယ်။ အွန်လိုင်းမီဒီယာဖတ်တာကျ ပိုများသွားကြပြန်ရော။ အွန်လိုင်းစာပေတွေမှာလည်း ကောင်းမွန်တဲ့စာပေတွေရှိပါတယ်၊ ကောင်းမွန်တဲ့စာပေတွေ ဖတ်နေတယ်လို့ပဲ ယူဆရမှာပါ။ စာအုပ်ကိုင်ဖတ်တဲ့ပိုင်းမှာတော့ အရင်လိုမများတော့ဘူး။ သို့သော်လည်း အွန်လိုင်းဘက်မှာတော့ ပိုဖတ်လာကြပါတယ်။ အဲဒီလိုလေးတော့ရှိသွားမယ်။

**ကိုယ်ရေးအကျဉ်း**

ဦးကိုကို (ကို-တက္ကသိုလ်)ကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့၌ အဖ ဦးစန်းရည် (မော်ကွန်းဝင်တတိယအဆင့်) အမိ ဒေါ်ငွေတို့မှ မွေးဖွားခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် စစ်တက္ကသိုလ်မှ B.Sc ဘွဲ့နှင့် ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ MA(Def: Study)ဘွဲ့ ရရှိခဲ့သည်။ ၁၉၆၄ ခုနှစ် မေလထုတ် ရုပ်ရှင်သစ်မဂ္ဂဇင်းပါ မြတ်နိုးသည်သာ ကဗျာဖြင့် စာပေနယ်သို့ဝင်ရောက်ခဲ့ပြီး စာနယ်ဇင်းမျိုးစုံတွင် ကဗျာ၊ဝတ္ထု၊ ဆောင်းပါးနှင့် ဘာသာပြန်စာပေများရေးသားခဲ့၊ ရေးသားဆဲဖြစ်သည်။ ကဗျာပေါင်းချုပ်စာအုပ်လေးအုပ်အပါအဝင် သုတ၊ ရသ လုံးချင်းစာအုပ် ၁၈ အုပ် ထုတ်ဝေပြီးဖြစ်သည်။

ထင်ရှားသော ကလောင်အမည်မှာ ကို(စစ်တက္ကသိုလ်)၊ ကို(တက္ကသိုလ်)၊ ကေကေ(မဟာဝိဇ္ဇာ)နှင့် အောင်ဇေယျတို့ဖြစ်သည်။ စာပေတာဝန်များအနေဖြင့် ယခင် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲ လုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌနှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးကော်မတီတွင် ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီတွင် အကြံပေးပုဂ္ဂိုလ်၊ ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်မှ သီရိပျံချီဘွဲ့၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ချီးမြှင့်ခဲ့ပြီး ယခုအခါ တာဝန်များမှ အနားယူပြီး စာပေများကို ဆက်လက်ရေးသားလျက်ရှိသည်။ **စာမျက်နှာ ၁၃ သို့** ☆

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေး စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့အကြား ညီအစ်မမြို့တော် ထူထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားမှု၊ လက်မှတ်ရေးထိုးပြီး မြို့နှစ်မြို့အကြား ၂၀၁၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါအဖွဲ့အား




တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ချမ်းမြသာစည်မြို့နယ်ရှိ IBIS Styles ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၁၂ မှ

**စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)**

ကျွန်မက စာရေးတဲ့အလုပ်ကို ဝါသနာလည်းပါခဲ့တယ်။ အသက် ၁၈ နှစ်သမီးလောက် ကတည်းက စပြီး တိုင်းရင်းမေ ဂျာနယ်မှာ ဝတ္ထုလေးတွေရေးခဲ့တာ တကယ်တမ်း ဆက်တိုက်ရေးဖြစ်တာက အသက် ၃၅ နှစ်လောက်ကစပြီး တော့ အသက် ၅၀ ကျော်လောက်ထိ ဝတ္ထုရှည်တွေ၊ လုံးချင်းဝတ္ထုရှည်တွေ၊ ဝတ္ထုတိုတွေ အများကြီး ရေးခဲ့တယ်ပေ့ါ၊ လုံးချင်းဝတ္ထုရှည်တွေဆို အပုဒ် ၆၀ ကျော် ၇၀ နီးပါး ရှိတယ်။ အတိုလည်း အဲဒီလောက် ရှိတယ်၊ အတိုတွေက အခုထိလည်း ရေးနေတုန်းပါပဲ၊ နောက်ပိုင်း ပင်စင်ယူပြီးမှ ကျွန်မ ပါရဂူဘွဲ့တက်တယ်၊ ဒေါက်တာဘွဲ့ရတယ်၊ အဲဒီနောက်ပိုင်းမှာ ရေးတဲ့ စာပေတွေကတော့ စာပေသဘောတရားနဲ့ ပတ်သက်တဲ့ စာအုပ်တွေချည်းပဲ ဖြစ်ပါတယ်။ စာပေသဘောတရားနဲ့ ပတ်သက်တဲ့အခါကျတော့ ဒါတွေက ဝတ္ထုရှည် သဘောတရား၊ ဝတ္ထုရှည် အတတ်ပညာတို့၊ ဝတ္ထုတို သဘောတရား၊ ဝတ္ထုတို အတတ်ပညာတို့၊ ဝတ္ထုရှည် ဖန်တီးသူ၊ ဝတ္ထုရှည် ခံစားသူ၊ ကဗျာ ဖန်တီးသူ၊ ကဗျာခံစားသူ၊ ရသစာတမ်းပေ့ါနော်၊ ဆရာဇော်ဂျီနဲ့ အခြားစာဆိုတွေ ရသစာပေတွေးဟန်နဲ့ ရေးဟန်ပေ့ါ စသဖြင့် စာပေသဘောတရား စာအုပ်တွေ ရေးတာများတယ်၊ ရှစ်အုပ်တိတိ ရေးလိုက်တယ်။ ဒါက လက်ရှိ သက်ကြီးပိုင်းမှာ ရေးလိုက်တာပေ့ါလေ၊ ဒီလိုရေးတဲ့ အခါမှာတော့ ကိုယ့်ရဲ့ဝါသနာကို အရင်းခံပြီး ကိုယ့်ရဲ့ ဘဝလုပ်ငန်းကလည်း မြန်မာစာ ဆရာမဖြစ်တဲ့ အတွက် တွဲလျက် လုပ်ကိုင်သွားတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မ တစ်သက်တာမှာ တစ်ခါမျှ ဆုမရခဲ့ပါဘူး၊ ကျွန်မ အနေနဲ့လည်းပဲ နေသားကျနေပြီလေ၊ ဆုရမယ်လို့လည်း တစ်ခါမျှ မျှော်လင့်မထားပါဘူး။ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက ပခုက္ကူဦးအုန်းဖေရဲ့ တစ်သက်တာစာပေဆုရလိုက်တယ်၊ ရလိုက်တော့ တော်တော့်ကို အံ့ဩသွားပါတယ်။ အဲဒီလိုကနေ ခုတစ်ခါ ထပ်ရတဲ့ အခါကျတော့ ကျွန်မအနေနဲ့ ဆုရမယ်လို့လည်း ရည်မှန်းမထားပါဘူး၊ တကယ်က စာရေးတဲ့ အလုပ်က ကိုယ့်ဘဝနဲ့လည်း ဆက်စပ်နေတယ်၊ ကိုယ့်လုပ်ငန်းနဲ့လည်း ပတ်သက်နေတယ်၊ ကိုယ်လည်း ဝါသနာပါတယ်၊ အနုပညာတစ်ခုခုနဲ့ ရှင်သန်နေရတာလည်း ဘဝကနေပျော်တယ်လို့ ထင်လို့နေတာပါ။ အခုလို နိုင်ငံတော်က တစ်သက်တာစာပေဆုကို ရတဲ့အခါကျတော့ ကျွန်မ အနေနဲ့ မျှော်လင့်မထားသော်လည်း အထူးပင် ဝမ်းသာပီတိဖြစ်မိပါတယ်။

**ကိုယ်ရေးအကျဉ်း**

ဆရာမကြီး မမိုးမြေကို အဖ ဦးဖွယ်လင်၊ အမိ ဒေါ်ကြည်မြတို့မှ ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူး၊ ၁၉၇၁ ခုနှစ်တွင် မဟာဝိဇ္ဇာ၊ ၂၀၀၆ ခုနှစ်တွင် ပါရဂူဘွဲ့ ရရှိခဲ့သည်။

၁၉၆၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ စသည့် ရာထူးအဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် အငြိမ်းစားယူပြီး ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို ဝတ္ထုရှည် သဘောတရား၊ ဝတ္ထုရှည် အတတ်ပညာ(ကျမ်း) ဖြင့် ရရှိခဲ့သည်။ တက္ကသိုလ်မခင်သူအမည်ဖြင့် တိုင်းရင်းမေ ဂျာနယ်၌ ဝတ္ထုတိုများရေးသားခဲ့သည်။ ၁၉၇၈ ခုနှစ်မှစ၍ မမိုးမြေကလောင်အမည်ဖြင့် မလွမ်းချင်တော့ဘူးကွယ် လုံးချင်းဝတ္ထုရှည်ကို ပထမဆုံး ရေးသားထုတ်ဝေခဲ့သည်။ ဝတ္ထုရှည် ၇၀ ခန့်နှင့် ဝတ္ထုတို အပုဒ် ၇၀ ခန့်ရေးသားခဲ့သည်။ ၂၀၀၈ ခုနှစ်မှစ၍ ယနေ့အထိ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပါရဂူ သင်တန်းသားများအား အချိန်ပိုင်း ပို့ချပေးနေပြီး ပါရဂူကျမ်း ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း တာဝန်များကို ဆောင်ရွက်နေဆဲဖြစ်သည်။

**စာရေးဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)**

ကျွန်မက မျှော်လင့်မထားဘဲနဲ့ ရတာပါ၊ အခု ကျွန်မအသက် ၉၃ နှစ်ရှိပြီ သူများတွေ စာပေဆုတွေ ချီးမြှင့်ခံရတိုင်း ကျွန်မက တက်ပြီး မုဒိတာပွားတာပေ့ါ၊ အခုကိုယ်တိုင် ရတယ်ဆိုတဲ့ အခါကျတော့ ကျွန်မကို မုဒိတာပွားကြသူများ အခုထိဆို ရာနဲ့ချီနေပြီ တယ်လီဖုန်းတွေဆက်ကျ၊ မက်ဆေ့စ်တွေ ပို့ကျပေ့ါ၊ ပီတီလေး ခံစားရတာ ပေ့ါ။

ကျွန်မ ပြောချင်တာကတော့ ခေတ်ချင်းက မတူဘူးဖြစ်သွားပြီ၊ ကျွန်မတို့ခေတ်တုန်းကဆို မဂ္ဂဇင်းတွေခေတ်ဆိုတဲ့ အခါကျတော့ ရေးစရာတွေက အများကြီးပဲလေ ကျွန်မတို့လည်း မဂ္ဂဇင်းတိုင်းလိုလိုမှာ ကျွန်မ ဝတ္ထုတွေ ပါတာများတယ်။ ကျွန်မက စာမူပို့တော့မယ်ဆိုရင် ဒီမဂ္ဂဇင်းရဲ့ အယ်ဒီတာအာဘော် နဲ့ ဒီမဂ္ဂဇင်းထဲမှာပါတဲ့ စာတွေကိုပေ့ါနော် အရင်ဝယ်ပြီး တော့မှဖတ်ကြည့်တယ်၊ဖတ်ကြည့်ပြီးတော့မှကိုယ်ပြောချင်တာလည်း ပါအောင် သူတို့ရဲ့မူနဲ့လည်း ကိုက်အောင် မဂ္ဂဇင်းတိုင်းကို ပို့တယ်။ ခုခေတ်ကျတော့ မဂ္ဂဇင်းကလည်း ရှားသွားပြီ ခုခေတ်က Facebook ပေ့ါ၊ ကောင်းတာထက် မကောင်းတာက ပိုများနေတယ်၊ ကျွန်မ ခုနေပြည်တော် စာပေဝိုင်းမှာ ကိုးနှစ်ရှိပြီ ဦးဆောင်ပြီးလုပ်နေတာ ကလေးတွေကို ကျွန်မ စာပေဆုတွေ ဘာတွေ ချီးမြှင့်ပေးတယ်ပေ့ါ။ ကျွန်မအမြဲပြောတယ် စာပေဆိုတာ ကောင်းတဲ့စာပေပဲ ရေးကြပါ။ ပေတဲ့စာပေ မရေးကြပါနဲ့လို့ အမြဲဆိုဆုံးမတယ်၊ ခုခေတ်က မိဘတွေက မအားလပ်ကြတာများတော့ ကလေးတွေကို သွန်သင်ဆုံးမတာ နည်းတယ်လေ၊ မိဘဆိုတာက လက်ဦးဆရာပဲလေ၊ စာအုပ်ဆိုတာကျတော့ စာပေကသူ့အရွယ်နဲ့သူ ဖတ်သင့်တာလေးတွေရှိတယ်၊ စာအုပ်စာပေက ဘယ်တော့မှ အဆိပ်အတောက်မဖြစ်ဘူး။ အခု လူမှုကွန်ရက်မှာကျတော့ အဆိပ်ဖြစ်တဲ့စာပေတွေ၊ ညစ်ပတ်တဲ့ ပေတဲ့စာပေတွေ များလာတော့ ကလေးတွေအပေါ်မှာ ကျွန်မရေးဖြစ်တဲ့ အခါမျိုးဆိုရင်လည်း ဒါတွေကိုလူငယ်တွေ သတိထားနိုင်အောင် ရေးဖြစ်တယ်ပေ့ါ။ ကျွန်မက ခေတ်ကိုပဲ သုံးသပ်ချင်တာပါ၊ လူငယ်တွေ စာရိတ္တ တိုးတက်မြင့်မားလာဖို့ လိုပါတယ်။ ရုပ်ဝတ္ထုအနေနဲ့က အများကြီး တိုးတက်လာတယ်၊ သို့သော် စိတ်ထားလေးတွေကို တော်တော်လေး ပြုပြင်ကြရဦးမယ် ထင်ပါတယ်။

**ကိုယ်ရေးအကျဉ်း**

ဆရာမကြီး ဒေါ်တင်ရီကို အဖ ဦးညို၊ အမိ ဒေါ်ချစ်တို့မှ ၁၉၃၂ ခုနှစ် မတ်လ ၂၅ ရက်တွင် ညောင်ဦးမြို့ ကျောင်းစုရပ်၌ မွေးဖွားခဲ့သည်။ အသက် လေးနှစ်တွင် ဘုန်းတော်ကြီးကျောင်း၌ စာသင်ကြားခဲ့ပြီး အသက် ခုနစ်နှစ်အရွယ်တွင် ညောင်ဦးမြို့ အမျိုးသားအထက်တန်းကျောင်း၌ အရည်အချင်းစစ်၍ ဒုတိယတန်းမှ စတင်ပညာသင်ကြားခွင့်ရခဲ့သည်။

မြဝတီ၊ ငွေတာရီ၊ စစ်ပြန်၊ ချယ်ရီ၊ မဟေသီ၊ ကလျာ၊ လုံမလေး၊ စာပေလုပ်သား၊ စန္ဒာ၊ နိုင်ငံ့ဂုဏ်ရည်၊ ပိတောက်နွယ်၊ နွယ်သာကီ မဂ္ဂဇင်းများ၊ အတွေးအမြင်ဂျာနယ်၊ မေမြန်မာဂျာနယ် တို့တွင် ဝတ္ထုတို ၁၀၀ ကျော်၊ စန္ဒာမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်ဖြစ်သည့် မောင်ရွှေ့သို့ တည့်တည့်လျှောက်ရင် ကို လုံးချင်းရိုက်ပြီး တစ်နိုင်ငံလုံးရှိ တပ်မတော်သားများအတွက် လှူဒါန်းခဲ့သည်။

မြန်မာ့အသံ ဇာတ်လမ်းပမာနားဆင်စရာကဏ္ဍတွင် ဝတ္ထုတို ၁၀ ပုဒ်၊ ရန့်မသင်း အဆင်းမဖြူနိုင် ဝတ္ထုရှည်အား ၁၉၈၉ - ၁၉၉၀ ပြည့်နှစ်တွင် ၄၅ မိနစ်စာ အသံလွှင့် ဖော်ပြခြင်းခံရပြီး လုံမလေးမဂ္ဂဇင်းနှင့် စန္ဒာမဂ္ဂဇင်းတို့တွင် ၁၉၈၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ရေးသားခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ခင်ပွန်းကွယ်လွန်ပြီးနောက် မြတ်မင်္ဂလာ၊ မြတ်ပန်းရဂုံတို့တွင် ဘာသာရေးစာပေများ ရေးသားခဲ့ပြီး ဓနသိဒ္ဓိ ဂျာနယ်တွင် ၂၀၀၉ ခုနှစ်မှ ယနေ့အထိအပတ်စဉ်ဘာသာရေးစာပေများ ရေးသားနေဆဲဖြစ်သည်။

## အင်းစိန်မြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးရေး အသိပေးနှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများအား မီးဘေးအန္တရာယ် ကင်းဝေးစေရေး၊ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ် ဆောင်ရွက်နိုင်ရန် အသိပညာပေး နှိုးဆော်မှုများကို ယမန်နေ့ ညနေပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် မီးသတ်ယာဉ်ဖြင့် လှည့်လည် အသိပေးနှိုးဆော်သည်။



အသိပညာပေး နှိုးဆော်မှုများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်လမ်းများ တစ်လျှောက် မီးဘေးအန္တရာယ် ကင်းဝေးစေရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ငြိမ်းချမ်းရေးကို အခြေခံသည့် နျူကလီးယားအစီအမံကို ပံ့ပိုးကူညီဆောင်ရွက်မည်ဟု သမ္မတမာဆော့ပါဇက်ကီရန်ပြောကြား

**တီဟီရန် နိုဝင်ဘာ ၂**

အီရန်နိုင်ငံက ဆောင်ရွက်မည့် ငြိမ်းချမ်းရေးကို အခြေခံသည့် နျူကလီးယားအစီအမံကို ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်သမ္မတ မာဆော့ပါဇက်ကီရန်က နိုဝင်ဘာ ၂ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း ဆောင်ရွက်မည့် နျူကလီးယားအစီအမံသည် နိုင်ငံသားများ၏ လိုအပ်ချက်များနှင့်လူနေမှုဘဝများကို မြှင့်တင်မည့် အစီအမံဖြစ်ကြောင်းနှင့် နျူကလီးယားလက်နက်မြှင့်တင်မည့် အစီအမံမဟုတ်ကြောင်း အီရန် သမ္မတကပြောကြားသည်။ အီရန်၏ နျူကလီးယားအစီအမံသည် နျူကလီးယားလက်နက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အနောက်နိုင်ငံများ၏ ဝါဒဖြန့်မှုများရှိသည်ဟု ၎င်းက ပြောသည်။ အီရန်အစိုးရအနေဖြင့် နိုင်ငံအတွင်း နျူကလီးယားဆိုင်ရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မည်ဖြစ်ပြီး ဆေးဝါးထုတ်လုပ်ရေးနှင့်ပတ်သက်သည့် နျူကလီးယားနည်းပညာများ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ အနောက်နိုင်ငံများသည် အချုပ်အခြာအာဏာပိုင်သည့် အီရန်အပါအဝင် ကမ္ဘာ့နိုင်ငံများအား ခေတ်မီနည်းပညာများ ရရှိသုံးစွဲခြင်းမှ ဟန့်တားရေး ဆောင်ရွက်နေကြောင်း အီရန်သမ္မတက ပြောသည်။ အီရန်အား နျူကလီးယားလက်နက်ထုတ်လုပ်ကြောင်း အနောက်နိုင်ငံများက စွပ်စွဲနေပြီး အီရန်ကလည်း ၎င်း၏ နျူကလီးယားအစီအမံသည် ငြိမ်းချမ်းရေးကို အခြေခံဆောင်ရွက်ကြောင်း တုံ့ပြန်ပြောသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



## အီဂျစ်ယဉ်ကျေးမှုတစ်ခုတည်းကိုသာ ပြသသည့် ကမ္ဘာ့အကြီးဆုံး ပြတိုက်ကြီး ဖွင့်လှစ်

**ကိုင်ရို နိုဝင်ဘာ ၂**

အီဂျစ်နိုင်ငံက ကမ္ဘာ့အကြီးဆုံး ပြတိုက် Grand Egyptian Museum (GEM) ကို ယမန်နေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြတိုက်ကြီးကို ဆယ်စုနှစ် နှစ်ခုကြာ တည်ဆောက်ခဲ့ပြီး ၎င်း၏ ကြွယ်ဝသော အမွေအနှစ်များကို ပြသထားရှိမည်ဖြစ်သည်။

ပြတိုက်ကြီးဖွင့်ပွဲအခမ်းအနားသို့ အီဂျစ်သမ္မတ အယ်လ်စီစီ၊ နိုင်ငံခေါင်းဆောင်များ၊ တော်ဝင်မိသားစုများနှင့် အစိုးရအရာရှိများအပါအဝင် ကမ္ဘာတစ်ဝန်းမှ ကိုယ်စားလှယ် ၇၉ ဦး တက်ရောက်ခဲ့သည်။

ပြတိုက်သည် မြို့တော်ကိုင်ရို အပြင်ဘက်ရှိ ဂီဇာမြို့၌ တည်ရှိသည်။ အီဂျစ်လူမျိုးများသည် ယဉ်ကျေးမှုကို ထိန်းသိမ်းသူများဖြစ်သည့်အပြင် ငြိမ်းချမ်းရေး ကိုယ်စားလှယ်များလည်းဖြစ်ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက ပြောသည်။

ထို့ပြင် ပြတိုက်ဖွင့်လှစ်ခြင်းသည် ပစ္စုပ္ပန်နှင့် အနာဂတ်သမိုင်း၏ အခန်းသစ်စာမျက်နှာကို ရေးသားခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

Grand Egyptian Museum ပြတိုက်ကြီးသည် အီဂျစ်ယဉ်ကျေးမှုတစ်ခုတည်းကိုသာ ပြသထားသည့် ကမ္ဘာပေါ်ရှိ အကြီးဆုံးပြတိုက်ဖြစ်သည်။

ပြတိုက်သည် စတုရန်းမီတာ ၅၀၀၀၀၀ နီးပါး ကျယ်ဝန်းပြီး နှစ်ထောင်ပေါင်းများစွာ အီဂျစ်သမိုင်းတစ်လျှောက် ပြိုင်ဘက်ကင်းသော ရှေးဟောင်းပစ္စည်း ၁၀၀၀၀၀ ကျော်ကို စုစည်းထားရှိမည်ဖြစ်သည်။

ဘုရင် တူတန်ခမန်၏ အထင်ကရ ရွှေမျက်နှာဖုံးနှင့် ခေါင်းတလား နှစ်ခုအပါအဝင် အခြားသော ပစ္စည်းများ စုစည်းထားရှိမှုတို့ကို ပြသထားမည်ဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင် ၎င်း၏အုတ်ဂူကို ရှာဖွေတွေ့ရှိပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြတိုက်ကြီး၌ ပြသခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**





## အီတလီနိုင်ငံ (မြောက်ပိုင်း) အဲလ်ပ်စ် တောင်တန်း၌ နှင်းထုပြိုကျမှုကြောင့် ဂျာမနီ တောင်တက်သမား ငါးဦး သေဆုံး

**ရောမ နိုဝင်ဘာ ၂**

အီတလီနိုင်ငံ (မြောက်ပိုင်း) အဲလ်ပ်စ် တောင်တန်း၌ နှင်းထုပြိုကျမှုကြောင့် ဂျာမနီ တောင်တက်သမား ငါးဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့ ပြောကြားသည်။

နှင်းထုပြိုကျမှုသည် နိုဝင်ဘာ ၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ကြောင်း အီတလီနိုင်ငံထုတ် ANSA သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

နှင်းထုပြိုကျနေစဉ်နှင်းများနှင့်အတူပါသွားသော ဂျာမနီ တောင်တက်သမား ငါးဦးအနက် သုံးဦး၏ အလောင်းကို နိုဝင်ဘာ ၁ ရက်တွင် ပြန်လည်တွေ့ရှိခဲ့သည်။ ကျန်နှစ်ဦးဖြစ်သည့် ဖခင်တစ်ဦးနှင့် ၎င်း၏ ၁၇ နှစ်အရွယ်သမီးငယ်တို့၏ အလောင်းတို့ကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပြန်လည်တွေ့ရှိခဲ့သည်။

ဒေသအတွင်း အပူချိန်များ မြင့်တက်လာခြင်းကြောင့် ဆီးနှင်းများ အရည်ပျော်ပြီး နှင်းထုပြိုကျမှုအန္တရာယ် ဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များက လွန်ခဲ့သောရက်အနည်းငယ်က သတိပေးချက်များ ထုတ်ပြန်ထားသည်။

တောင်တက်သမားများနှင့် နှင်းလျှောစီးဝါသနာရှင်များအား ရာသီဥတုနှင့် နှင်းပြိုကျမှုသတိပေးချက်များကို ဂရုပြုရန်နှင့် အန္တရာယ်များသော တောင်ပေါ်ဒေသများကို သွားလာခြင်းမှ ရှောင်ရှားရန် ၎င်းတို့က တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ဂါဇာဒေသအရေးညီလာခံ တူကီယဲနိုင်ငံတွင် ကျင်းပမည်

**အစ္စတန်ဘူလ် နိုဝင်ဘာ ၂**

အစ္စရေးဟားမတ်စ်အပစ်အခတ်ရပ်စဲရေးနှင့် ဂါဇာဒေသငြိမ်းချမ်းရေးရရှိရေးအတွက် ညီလာခံတစ်ရပ်ကို တူကီယဲနိုင်ငံက စီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဂါဇာဒေသတွင် ထိခိုက်သေဆုံးမှုများ ပြားလာသည့်အတွက် ယခုညီလာခံကို ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး စတင်ရရှိသည့်အောက်တိုဘာ ၁၀ ရက်မှ စတင်၍ လက်ရှိအချိန်အထိ ၂၆၆ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောသည်။

ဟားမတ်စ်အဖွဲ့က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်သဖြင့် တိုက်ခိုက်မှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစ္စရေးက ပြောသည်။ တူကီယဲနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသနှင့် ဒေသပြင်ပရှိ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ၎င်းအစည်းအဝေးတွင် ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ အဆင်ပြေပြေ ဝင်ရောက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း တူကီယဲ နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်ကပြောသည်။

ထို့ပြင် နိုင်ငံတကာ တည်ငြိမ်မှုထိန်းသိမ်းရေးတပ်ဖွဲ့ ဖွဲ့စည်းရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်သမ္မတ ထရမ့်အဆိုပြုသည့် ဒုတိယအဆင့် အပစ်အခတ်ရပ်စဲရေး အစီအမံတွင် ဂါဇာဒေသတွင် နိုင်ငံတကာတပ်ဖွဲ့များတပ်စွဲထားရေး၊ အစ္စရေးတပ်ဖွဲ့များဆုတ်ခွာရေးနှင့် ဟားမတ်စ်အဖွဲ့ လက်နက်စွန့်လွှတ်ရေးတို့ပါဝင်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

## အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ပြင်းထန်သော လေထုညစ်ညမ်းမှုများ ဖြစ်ပွားလျက်ရှိ

**နယူးဒေလီ နိုဝင်ဘာ ၂**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ နေရာအများအပြားတွင် လေထုညစ်ညမ်းမှုများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၂ ရက်တွင် မြို့တော် အတွင်း မီးခိုးမြူထူထပ်နေချိန်တွင် အိန္ဒိယမြို့တော်ရှိ နေရာအများအပြား၌ လေထုအရည်အသွေး ညွှန်းကိန်း (AQI) အမှတ်အသား ၄၀၀ ကို ကျော်လွန်ခဲ့ကြောင်း သိရသည်။ ဒေလီတွင်နေထိုင်သူများက လေသန့်စင်စက်ကို ပုံမှန်အသုံးပြုသင့်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ခံစားနေရသူ အရေအတွက် ပိုမိုများပြားလာနိုင်ကြောင်း ဆရာဝန်များက ခန့်မှန်း ပြောကြားသည်။

အန်နန်ဗီဟာ၊ ချန်ဒ်နီချော့ခ်၊ နီရူနာဂါတို့အပါအဝင်ပြည်နယ်အများအပြားကို လေထုအရည်အသွေးနိမ့်ကျသည့်ပြည်နယ်များအဖြစ် သတ်မှတ်ခဲ့သည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ ဝေဒနာခံစားနေရသူများအနေဖြင့် လေထုညစ်ညမ်းမှုဒဏ်မှ ကင်းဝေးစေရန်အတွက် မြို့တော်နယူးဒေလီမှ လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း ထွက်ခွာသင့်ကြောင်း အဆုတ်ရောဂါဗေဒပညာရှင် ဂိုပီချန်ခီနာနီက ပြောကြားသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ဒေလီအစိုးရက လေထုညစ်ညမ်းမှုကို လျှော့ချရန် ရေငွေ့ပတ်ဖျန်းစက်များကို အသုံးပြုခဲ့သည်။ လက်ရှိတွင် ဒီဇယ်မီးစက်များ အသုံးပြုခြင်းကို တားမြစ်ခြင်းကဲ့သို့ လေထုညစ်ညမ်းမှုဆိုင်ရာ တင်းကျပ်သော အစီအမံများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာခင်စောနွဲ့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မင်္ဂလာပါရှင့်၊ ကျွန်မကတော့ ဒေါက်တာခင်စောနွဲ့ ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ ဖြစ်ပါတယ်ရှင့်။

**မူဝါဒအနေဖြင့်**

ပါတီစုံဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာ၌ တိုင်းရင်းသားအားလုံးပါဝင်ရမည်။ ဒီမိုကရေစီလမ်းကြောင်းနှင့် မလွဲချော်စေရန်ဖြစ်ပြီး ဥပဒေနှင့် ညီညွတ်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရန် မူဝါဒများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ မူဝါဒများပင် ဖြစ်ပါသည်။

**သဘောထားအနေဖြင့်**

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ချစ်မြတ်နိုးပါသည်။ မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံး အချင်းချင်းတန်ဖိုးထားရသော ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ အနုပညာများကို ဖော်ထုတ်ပြီး နိုင်ငံ၏ ဒီမိုကရေစီလုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်းနေထိုင်လိုသော သဘောထားများရှိပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်စေချင်သော သဘောထားသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ ထို့ပြင် ပါတီများ တိုင်းရင်းသားများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းကြဖို့ကိုလည်း မျှော်မှန်းချက်ထားပါသည်။ ဒီမိုကရေစီဖော်ဆောင်ရေးကို လုပ်သားပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းဆန္ဒများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ပြင် လီဆူလူမျိုးများအနေနှင့် မိမိတို့၏ ဒေသစွဲ၊ လူမျိုးစွဲမရှိ အလွန်ရိုးသားသော နိုင်ငံတော်ကို ပုန်ကန်သောအဖွဲ့အစည်းမျိုးလည်း မရှိခဲ့ကြပါ။ ဒါကြောင့်လည်း သမိုင်းပညာရှင် သုတေသီများအနေနှင့်လည်း ဂုဏ်ပြု၍ လီဆူတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကို သုတေသနပြု၍ ဖော်ထုတ်ခဲ့သည်။ လီဆူတိုင်းရင်းသားတို့၏ ချစ်စဖွယ် တန်ဖိုးထားဖွယ် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကမ္ဘာ့နေရာအနှံ့အပြား ပျံ့နှံ့နေထိုင်ခြင်းများ၊ ဥပမာ အိန္ဒိယ၊ ယူနန်ပြည်နယ်၊ အရှေ့တောင်အာရှများတွင် ပျံ့နှံ့နေထိုင်သော်လည်း ဘုံစကားရှိ၍ တန်ဖိုးထားစရာဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ တိုင်းရင်းသားတစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားလာစေခြင်းသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထား ဖြစ်ခဲ့ရသည်။

ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးသော ကဏ္ဍမှပါဝင်သည်။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းကြပါစေ။ မြန်မာပြည်တစ်ဝန်း လှပသာယာစိုပြည်စေချင်တာကလည်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏သဘောထားပင် ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများအနေနှင့်လည်း ပွင့်လင်းမြင်သာသောဆန္ဒများ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ကြမယ်၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာက ပါဝင်လာကြမယ်ဆိုရင် ယနေ့နိုင်ငံတွင် ကြုံတွေ့နေခဲ့ရသော ရေဘေး၊ ငလျင်ဘေး စတဲ့ သဘာဝအန္တရာယ်များခံစားရသော ဒေသခံတိုင်းရင်းသားများကို တတ်စွမ်းသမျှ ကူညီချစ်ခင်ဝိုင်းဝန်း အားပေးကြမယ်ဆိုပါက အားလုံးကို ကမ်းလင့်လို့ကြိုနေကြမှာပါ။ ရင်ထဲမှာ မေတ္တာထားတတ်ကြတာ လူသားတိုင်းမှာ ရှိပါတယ်။ ဒါကြောင့် အားလုံးမေတ္တာအရင်းခံထားပြီး အချင်းချင်းစည်းလုံးချစ်ကြည် ငြိမ်းချမ်းစေချင်ကြခြင်းသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထား၊ မေတ္တာထုထည် ကြီးမားခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားအားလုံး ယုံကြည်ကိုးကွယ်ခြင်းများကိုလည်း လွတ်လပ်စွာကိုးကွယ်ကြပြီး အဓိကသည် မေတ္တာထားကြတာခြင်းကတော့ တူညီကြပါသည်။ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)သည် လွတ်လပ်စွာကိုးကွယ်ပြီး တိုင်းရင်းသားအားလုံး နိုင်ငံတော်ကိုချစ်ပြီး အတူတကွ နိုင်ငံ့အကျိုးသယ်ပိုးစေလိုသော သဘောထားသည်လည်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။


တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားများ၏ ပညာရေး တိုးတက်ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေရန် စွမ်းဆောင်ပေးနိုင်သော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေသော ဌာနေပြည်သူ့စစ် လီဆူတိုင်းရင်းသား လူငယ်မောင်မယ် တိုင်းရင်းသားများသည်လည်း နိုင်ငံ့အကျိုးသယ်ပိုးရာတွင် အခြားတိုင်းရင်းသားများနည်းတူ စေတနာအရင်းခံ၍ စည်းလုံးကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်စေလိုသော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏သဘောထားပင်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ စားဝတ်နေရေးများ ပြေလည်ပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေလိုသော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စိတ်ရင်းသဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ပညာရေးကိုခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကချင်ပြည်နယ် ပူတာအိုခရိုင်တွင်ရှိသော လီဆူ၊ ရှမ်း၊ ရဝမ်ရွာများတွင် သင်ထောက်ကူပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပေါင်းစည်း၍ လှူဒါန်းမှုများ ပြုလုပ်ပါမည်။

တိုင်းရင်းသားမောင်မယ်လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသေးစားစက်မှုလုပ်ငန်း အိမ်တွင်းမှုသင်တန်းများကို သင်တန်းပို့ချပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် အစီအစဉ်များ ဆောင်ရွက်ပါမည်။

ဗုဒ္ဓဘာသာ၊ ခရစ်ယာန် မခွဲခြားဘဲ လိုအပ်သော လှူဒါန်းမှုများကို စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ပါဝင်ဆောင်ရွက်ပါမည်။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်း၍ ပူတာအိုခရိုင်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အထောက်အကူပြု အဖွဲ့ငယ်များနှင့်အတူ ပူးပေါင်း၍ ကမ္ဘာ့ခရီးသွားများ လာရောက်၍နိုင်ငံတော်ဝင်ငွေတိုးတက်ရေး၊ E Tourism ကို အကောင်အထည်ဖော်ရန်ဆောင်ရွက်ပါမည်။ တိုင်းရင်းသားများ ပြန်လည်စည်းလုံးညီညွတ်ရေး ရရှိနေစေဖို့အတွက် အမျိုးသားစည်းလုံးညီညွတ်ရေး ခိုင်မာနေရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေအရ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ဖြေရှင်းရမည်ဖြစ်ပါသည်။



လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ သတ္တုတူးဖော်ခြင်း၊ ကျောက်စိမ်းတူးဖော်ခြင်း၊ ပယင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများသည် ကချင်ပြည်နယ်တွင် နေထိုင်ကြသူများ၏ အဓိကအသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဥပဒေနှင့်အညီ တရားဝင်နိုင်ငံသား တိုင်းရင်းသားများအတွက် လုပ်ပိုင်ခွင့်များ ရရှိရေးအတွက်လည်း ဆောင်ရွက်နိုင်ရန် ဦးဆောင်မှုများ ပြုလုပ်နိုင်ခြင်း လုပ်ငန်းစဉ်တစ်ရပ်အဖြစ် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)အနေနှင့် တင်ပြဆောင်ရွက်ပါမည်။

လူမှုစီးပွား၊ လူ့အခွင့်အရေးများ လျင်မြန်တိုးတက်ဖွံ့ဖြိုးစေမည့် ဒူးလေးပါတီ၊

အလုပ်အကိုင်အခွင့်အလမ်း၊ ပညာဖွံ့ဖြိုး လျင်မြန်စွာ တိုးတက်စေမည့် ဒူးလေးပါတီ၊

ယုံကြည်မှုကို အကောင်အထည်ဖော်မှာ ဒူးလေးပါတီပါရှင့်။

ကျေးဇူးတင်ပါတယ်ရှင်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)**
**ပါတီစည်းရုံးရေးသီချင်းအား မြန်မာဘာသာပြန်ဆိုချက်**

- လီဆူပါတီ ဒူးလေးပါတီ ဒူးလေးပါတီသည် လီဆူအမျိုးသားများအိမ်ဖြစ်၍ မိမိတို့အိမ်ကို တည်ဆောက်ထိန်းသိမ်းရမည်။
- ကိုယ့်အိမ်ကိုယ့်ယာမရှိခဲ့ရင် ဒီကမ္ဘာပေါ်မှာ မျက်နှာငယ်ရမည်။
- လီဆူအမျိုးသားများ နိုးထလော့/စည်းလုံးကြလော့ ကိုယ့်ရဲ့ ဒူးလေးပါတီမှ ကိုယ်စားလှယ်များကို မဲပေးရွေးချယ်လိုက်ရအောင်
- လီဆူအမျိုးသားများ စည်းလုံး၍ တစ်စိတ်တစ်ဝမ်းတည်း ရှေ့ဆက်ချီတက်ကြရအောင်
- တိုင်းရင်းသားများ တန်းတူညီရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်ပါဝင် ဆွေးနွေးနေပြီဖြစ်သည်။
- ဒူးလေးပါတီသည် တို့ပါတီ လီဆူဒူးလေးပါတီ အောင်မြင်ရမည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)တေးသီချင်း**

* (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ )၂ (ဟေ့ ဒူးလေးပါတီ)၃
Lisu National Development Party (L.N.D.P)
* ဒို့နိုင်ငံတစ်ခုလုံးရွေးကောက်ကြမည်
မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးကြမည် တိုင်းရင်းသားအားလုံး စည်းလုံးကြမည် *မဲရုံကိုသွားလို့ မဲပေးကြမည်
Lisu National Development Party (L.N.D.P)
* လူ့အခွင့်အရေး လူမှုစီးပွားရေးနဲ့ ပညာရေး
အလုပ်အကိုင်အခွင့်အလမ်းရရှိရေး
အနာဂတ်ရဲ့အောင်မြင်မှုပန်းတိုင် စွမ်းဆောင်ပေးမည့် ဒူးလေးပါတီ
* (အချစ်ဆုံးရေ အတူသွားစို့ မဲပေးကြမည်)၂ (ဒူးလေးပါတီ) Lisu National Development Party (L.N.D.P)

---

❖ MNL မှ

အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးကာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းမှာလည်း အမာခံကစားသမား အစုံအလင်အသုံးပြုကာ ရန်ကုန်ယူနိုက်တက်အသင်းကို ရင်ဆိုင်ခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားမပါဝင်သော်လည်း ပြည်တွင်းလူစာရင်းအရ ရန်ကုန်ယူနိုက်တက်ကို ယှဉ်ကစားနိုင်ရာ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၂၄ မိနစ်တွင် ဆာအီတိုက သွင်းယူခဲ့သည်။

သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် Dagon Port အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ရတနာပုံအသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ ချေပဂိုးများ ပြန်ပေးခဲ့ရခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးများကို ရှစ်မိနစ်တွင် စိုးမင်းဦး၊ ၂၂ မိနစ်တွင် ပြည်မိုးတို့က သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးများကို မိနစ် ၅၀ တွင် မစ်ချယ်နှင့် မိနစ် ၈၀ တွင် ကန်တိုနာတို့က သွင်းယူသည်။

ပွဲစဉ်(၈)တတိယနေ့ကို နိုဝင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကျောက်တိုက်ကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MNL**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စတုတ္ထညတွင် ပွဲတော်လာဧည့်ပရိသတ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စည်ကားများပြားလျက်ရှိ

**တောင်ကြီး နိုဝင်ဘာ ၂**

၂၀၂၅ ခုနှစ် တောင်ကြီးမြို့၏ ရိုးရာမပျက် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁ ရက် ည ၇ နာရီက အဝေရာမီးပုံးပျံကွင်း၌ စတုတ္ထညတွင် မိုးရွာသွန်းနေသော်လည်း ဖွဲမလျှော့သောလုံ့လဖြင့် ကွင်းလုံးပြည့်လျှံရပ်နီး၊ ရပ်ဝေးမှ ပွဲတော်လာဧည့်ပရိသတ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာ လာရောက်၍ မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်နေမှုများနှင့် ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စတုတ္ထညတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်သည့် ကွင်းအတွင်းဆင်း၍ စိန်နားပန်မီးပုံးပျံလွှတ်တင်နေမှုနှင့် စိန်နားပန်မီးပုံးပျံအား မီးပုံးလေးများ ချိတ်ဆွဲပေးကြကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် စတုတ္ထညတွင်လည်း ခေတ်ပေါ်တေးဂီတဖြင့် ဒေသခံအဆိုတော်များက ဖျော်ဖြေတင်ဆက်ကြပြီး ညမီးကြီးမီးပုံးပျံခြောက်လုံး၊ စိန်နားပန်မီးပုံးပျံငါးလုံး စုစုပေါင်း ၁၁ လုံးလွှတ်တင်ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ဒေသထွက်ထုတ်ကုန်များ ရောင်းချသူနှင့် ဝယ်ယူအားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်။



ဈေးရောင်းပွဲတော်တွင် စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန် ပစ္စည်းများနှင့် အစားအစာ အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ အပါအဝင်ဈေးဆိုင်ခန်းပေါင်း ၆၃၀ ကျော်တွင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အလှမွေးငါးများ၊ အိမ်မွေးတိရစ္ဆာန်တွားသွားသတ္တဝါများ၊ မြန်မာ့သနပ်ခါးများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည့် အပြင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက သက်သာသောဈေးနှုန်းများဖြင့် ဆီများကို ရောင်းချပေးလျက်ရှိရာ ကြည့်ရှုဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်တွင် Talk Show အစီအစဉ်၌ MSME များအတွက် ချေးငွေနှင့် စံချိန်စံညွှန်းဆိုင်ရာနှင့် အထောက်အပံ့များခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာစီးပွားရေး လုပ်ငန်းရှင်များနှင့် ပွဲတော်လာပြည်သူများက စိတ်ဝင်တစား လာရောက်နားထောင်အားပေးလျက်ရှိသည်။

ဖျော်ဖြေရေးမဏ္ဍပ်၌ လည်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် သဘင်နှင့်ဂီတ နယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာတို့၏ သီဆိုဖျော်ဖြေမှုများကြောင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် သီချင်းတေးသွားများကို အတူတကွ ပျော်ရွှင်စွာနားဆင်ခံစားကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အလှူရှင်မိသားစုတို့က လှူဒါန်းသည့် စတုဒိသာထမင်း၊ ဟင်းများကိုလည်း အားပါးတရ ပျော်ရွှင်စွာ သုံးဆောင်ကြသည်ကို တွေ့ရသည်။ ဈေးရောင်းပွဲတော်လာပြည်သူများအတွက် သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေး၊ အမှိုက်များစနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobille Toilet များ ထားရှိဆောင်ရွက်ပေးထားပြီး ပွဲတော်လာပြည်သူများ သွားရေး၊ လာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆင့်ပွားသင်တန်းဖွင့်

**မြစ်သား နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်း (Training of Trainer TOT) ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်းကို ယမန်နေ့မွန်းတည့် ၁၂ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများဝင်ငွေတိုးပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ထားနွယ်က စပါးစိုက်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းကိုဦးတည်သော စပါးအထွက်နှုန်းကွာဟချက်များ ဆန်းစစ်လေ့လာခြင်းသုတေသန၏ စစ်တမ်းမေးခွန်းလွှာဖြည့်စွက်နည်းများကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါဆင့်ပွားသင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူး ဒေါ်ခင်ငြိမ်းထွေး၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပေါက်ခေါင်းမြို့နယ်၌ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ဆင့်ပွားသင်တန်းဖွင့်

**ပေါက်ခေါင်း နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ်၌ စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာခြားချက်များကို ဆန်းစစ်လေ့လာခြင်း ဆင့်ပွားသင်တန်း ပြန်လည်ပို့ချခြင်းကို ပေါက်ခေါင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ပေါက်ခေါင်းမြို့နယ် ဦးစီးမှူးက သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူးက သင်တန်းအတွေ့အကြုံများ၊ စပါးသီးနှံပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် အထွက်နှုန်းကွာခြားချက်များကို ဆန်းစစ်လေ့လာခြင်းနှင့် စပါးစိုက်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းကို ဦးတည်သောစပါးအထွက်နှုန်း ကွာဟချက်များ ဆန်းစစ်လေ့လာခြင်း သုတေသန၏ စစ်တမ်းမေးခွန်းလွှာဖြည့်စွက်နည်းကို ပြန်လည်မျှဝေဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# အနုညာတခုံရုံးအသင်း(ဗဟို)နှင့် အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC)နှင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)တို့၏ မြန်မာအိမ်ခြံမြေကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေး မဟာဗျူဟာမိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၁ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို) ရုံးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ MIAC အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အသင်းကြီး၏ ဖွဲ့စည်းထားရှိမှု၊ ရည်ရွယ်ချက်များ၊ လုပ်ကိုင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဗဟို အလုပ်အမှုဆောင်များနှင့် မိတ်ဆက်ပေးခဲ့သည်။

ဆက်လက်၍ MRESA အသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က အသင်းကြီး၏ တိုင်းနှင့် ပြည်နယ်အသင်းခွဲများ ဖွဲ့စည်းထားမှု၊ သင်တန်းများ ဖွင့်လှစ်မှုများကို ပြောကြားခဲ့ပြီး(ဗဟို) အလုပ်အမှုဆောင်များနှင့် မိတ်ဆက်ပေးခဲ့သည်။

ထို့နောက် အသင်းကြီးနှစ်သင်းတို့၏ မဟာဗျူဟာမိတ်ဖက်ပူးပေါင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို နှစ်ဖက်ဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**

# (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုသောအားဖြင့် ငပုတောမြို့နယ် သဲကုန်းကြီး-ဆင်ကူးကြီး ကျောက်ချောလမ်းသစ်ဖွင့်လှစ်

ပုသိမ် နိုဝင်ဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သဲကုန်းကြီး- ဆင်ကူးကြီး ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုလမ်းသစ်၌ ပြုလုပ်သည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

ဦးစွာ သဲကုန်းကြီး-ဆင်ကူးကြီး ကျောက်ချော လမ်းသစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အမျိုးသား



ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်ချောလမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါလမ်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သော လမ်းဖြစ်ပြီး လမ်းအရှည် ၃ ဒသမ ၁၂ ဖာလုံ၊ လမ်းအကျယ် ၁၆ ပေ ရှိကြောင်းနှင့် အကျိုးပြုကျေးရွာ ၁၆ ရွာ၊ အကျိုးပြုအိမ်ခြေ ၂၉၀၂ အိမ်၊ အကျိုးပြုလူဦးရေ ၁၆၁၁၂ ဦး ရှိမည်ဖြစ်ကြောင်း သိရသည်။

**မှာကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ငပုတောမြို့နယ် သဲကုန်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ လူပုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၊ ညောင်ပိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များသို့ သွားရောက်၍ စာသင်ဆောင်များ ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# အချိန်မီဆောင်ရွက်ရမည့် ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေး

**စိုးသူရ**

ယနေ့ခေတ်ကမ္ဘာ့နိုင်ငံများသည် ကမ္ဘာကြီးပူနွေးလာခြင်းကို တားဆီးသည့်အနေဖြင့် ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုလျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ ကမ္ဘာကြီးတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများလာသည်နှင့်အမျှ ကမ္ဘာကြီးပူနွေးလာခြင်းကဲ့သို့သော ရာသီဥတုဖြစ်စဉ်များ များလာသည်ကို တွေ့နေရ၍ ၎င်းဖြစ်ရပ်များကို အချိန်မီကာကွယ်ရန်လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ရုပ်ကြွင်းလောင်စာအသုံးပြုမှု လျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုအောင်မြင်စွာ မဆောင်ရွက်နိုင်ပါက ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုများဖြစ်ကာ လူအပါအဝင် သက်ရှိများ၏ အသက်ရှင်နေထိုင်မှုကို ထိခိုက်လာနိုင်ကြောင်း ပညာရှင်များက သုံးသပ်လာသည်ကို တွေ့ရှိရသည်။

၂၀၂၄ ခုနှစ်သည်ကမ္ဘာပေါ်တွင် အပူဆုံးနှစ်ဖြစ်ပြီး ကမ္ဘာမြေ၏ အပူချိန်သည် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက် (၂.၇°F) ကျော်လွန်ခဲ့သည်ဟု သိရသည်။

ကမ္ဘာမြေကြီးပူနွေးလာသည်နှင့်အမျှ လေထုထဲတွင် ရေငွေ့ပါဝင်မှုများပြားလာပြီး ၎င်းရေငွေ့များမှတစ်ဆင့် ကမ္ဘာပေါ်တွင် ရေကြီးရေလျှံမှုများဖြစ်ခြင်း၊ ဟာရီကိန်းမုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ အများအပြားဖြစ်လာသည်ကို တွေ့ရှိရသည်။ အခြားသဘာဝပတ်ဝန်းကျင်ထိခိုက်မှုများလည်း ရှိသေးသည်။ ဥပမာအားဖြင့် ကမ္ဘာပေါ်ရှိ သန္တာကျောက်တန်းများသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် သန္တာကျောက်တန်းပေါ်ရှိ ရေညှိများအရောင်ပြောင်းလာကာ သန္တာကျောက်တန်းများ၏ ဂေဟစနစ်ကိုထိခိုက်လာပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများဖြစ်လာရခြင်းကြောင့် သန္တာကျောက်တန်းများ ထိန်းသိမ်းရေးကို တာဝန်ရှိသူများကဆောင်ရွက်နေသည်။ ထို့ပြင် အပူချိန်မြင့်တက်လာခြင်းကြောင့်မိုးခေါင်ရေရှားခြင်းဖြစ်လာပြီး သစ်ပင်များ သေဆုံးကာ သစ်တောများ၏ဂေဟစနစ်ကို ထိခိုက်စေခဲ့သည်။



**သစ်တောထိန်းသိမ်းခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုလျှော့ချရေးဆောင်ရွက်**

ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်စေသည့် သစ်တောပြုန်းတီးမှုများမှ ကာကွယ်ရေးအတွက် နိုင်ငံများအလိုက်ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နေရာ အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရသည်။ သစ်တောများထိန်းသိမ်းရေးသည် ကမ္ဘာကြီးပူနွေးလာခြင်းကို တားဆီးနိုင်ကြောင်း တွေ့ရှိရသည်။ သစ်တောများရှိသစ်ပင်များကြီးထွားလာသည်နှင့်အမျှ ၎င်းသစ်ပင်များသည် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး ပင်စည်၊ အကိုင်းအခက်၊ အရွက်နှင့် အမြစ်များတွင် သိမ်းဆည်းထားခြင်းဖြင့် ရာသီဥတုကို မျှတစေသည်။ သစ်ပင်တစ်ပင်ကိုခုတ်ခြင်းဖြင့် ၎င်းထဲတွင် သိမ်းဆည်းထားသည့် ကာဗွန်ဓာတ်ငွေ့များလေထုထဲသို့ရောက်ရှိကာ ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည်။ သစ်ပင်အများအပြားကို ခုတ်ခြင်းဖြင့် လေထုထဲသို့ ကာဗွန်ဓာတ်ငွေ့အများအပြားရောက်ရှိကာ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်သကဲ့သို့ဖြစ်နေသဖြင့် ကမ္ဘာ့နိုင်ငံများတွင် ၎င်းကဲ့သို့ မဖြစ်စေရေးအတွက် သစ်တောများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်းများကို ပြုလုပ်နေကြသည်။ ဂျပန်နိုင်ငံ၏ မြေဟက်တာ ၂၅ သန်းမှာ သစ်တောများဖြင့်ဖုံးလွှမ်းထားပြီး ၎င်းသစ်တောများသည် နှစ်စဉ်ကာဗွန်ဓာတ်ငွေ့တန်ချိန် ၁၅ သန်းခန့်ကို လေထုထဲသို့ မရောက်ရှိစေရေး ထိန်းသိမ်းကာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ မဖြစ်စေရေး ထိန်းသိမ်းထားကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံများရှိမြို့ပြဒေသများတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့်စိမ်းလန်းသောအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းတို့သည် ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရေးဆောင်ရွက်နေသည့်လုပ်ငန်းများဖြစ်သည်။

ကမ္ဘာပေါ်တွင်လက်ရှိအချိန်၌ဓာတ်အားပေးစက်ရုံများမှသည် သယ်ယူပို့ဆောင်ရေးအထိ လုပ်ငန်းအားလုံးတွင် ရုပ်ကြွင်းလောင်စာအသုံးပြုမှုများလာခြင်းကြောင့် ကမ္ဘာမြေသည် ပူပြင်းလာနေရာ ၎င်းလုပ်ငန်းများတွင် ဆိုလာစွမ်းအင်နှင့် လေစွမ်းအင်တို့ကိုပြောင်းလဲအသုံးပြုခြင်းဖြင့် ကမ္ဘာမြေ ပူနွေးလာခြင်းကိုလျှော့ချရေး တာဝန်ရှိသူများက ဆောင်ရွက်နေကြသည်။

ပါရီသဘောတူညီချက်အရ ကမ္ဘာကြီး၏ အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ထားရှိရန်အတွက် ကမ္ဘာကြီးသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို နှစ်စဉ် ၂၂ ဂစ်ဂါတန် လျှော့ချရမည်ဖြစ်သည်။

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်ကားများအသုံးပြုခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာခြင်းကို ဖြစ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရေးဆောင်ရွက်နေကြရာ အောင်မြင်မှုများရရှိနေသည်။

ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်အတွက် ကမ္ဘာ့နိုင်ငံများအားလုံးတွင် တာဝန်ရှိနေရာ ၎င်းတာဝန်ကို အချိန်မီဆောင်ရွက်သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကား – Plantion Tree To Combat Climate Change**




တတိယဆုရ မြန်မာကိုယ်စားပြု Falcon အသင်း။

# ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Falcon အသင်း တတိယနေရာရရှိ

ရန်ကုန် နိုဝင်ဘာ ၂

ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို နိုဝင်ဘာ ၂ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားပြု Falcon အသင်း တတိယနေရာရရှိသည်။

တတိယနေရာလုပွဲတွင် မြန်မာကိုယ်စားပြု Falcon အသင်းက ထိုင်းကလပ် ရာဂျ်နာဗီအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဗိုလ်လုပွဲတွင် ထိုင်းကလပ် သာနခါစ်ချောင်ဘူရီအသင်းက ဗီယက်နမ်ကလပ် PVF ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာကိုယ်စားပြု Falcon အသင်းသည် အုပ်စုအဖွင့်ပွဲတွင် အရေးနိမ့်ခဲ့သော်လည်း နောက်ပိုင်းပွဲများတွင် နိုင်ပွဲရယူနိုင်ခဲ့သည်။

ထို့ပြင် မြန်မာကိုယ်စားပြု Falcon အသင်း တိုက်စစ်မှူး ညီညီသန့်သည် သွင်းဂိုးလေးဂိုးဖြင့် ဂိုးသွင်းအများဆုံးဆုရရှိသည်။

Falcon အသင်းသည် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်ပြီး ယခုလအတွင်းယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအတွက် အကြိုပြင်ဆင်မှုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-U-17 NGC**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

**Unit 8 FOOD CHAIN**

(ယခင်တစ်ပတ်မှ အဆက်)

**IV. (A) Write the appropriate words or phrases to complete the lines of verse.**

1. I feel him warm, but how can he
   Or _______________
2. ____________ I often hear
   You mourn my hapless woe:
3. ____________, I am a king,
   Although a poor blind boy.
4. You talk of wondrous things you see,
   You say ___________;
5. _______________,
   Whene'er I sleep, or play;

**(B)Answer the questions in complete sentence.**

1. Where do plants get their food from?
2. Why can't animals make their own food?
3. What is an example of a simple food chain mentioned in the text?
4. What do scavengers such as vultures and crows eat?
5. Who comes after the scavengers to continue the cleaning process?
6. Why are decomposers sometimes called "garbage collectors"?
7. What is a food web?
8. What happens to the dead bodies of hawks, owls, and foxes?

**V. (1)Read the passage.**

All living things need food. Plants are living things, so they need food. The question is: "Where do plants get their food from?" Well, plants make their own food by using carbon dioxide from the air and water from the soil in the presence of sunlight as they possess green pigments. Animals, on the other hand, cannot make their own food, so they must eat plants or other living things. For example, grass grows in a field, and we all know that "rabbits eat grass, and hawks eat rabbits." Now, we may rewrite that sentence in the passive voice, and we will get: "grass is eaten by rabbits, and rabbits are eaten by hawks." That is an example of a simple food chain. Now, instead of writing a full sentence, let us use an arrow to show a simple food chain. Now, instead of writing a full sentence, let us use a simple food chain like this.

grass – rabbit – hawk

Now, instead of writing "grass is eaten by cows and cows are eaten by tigers," we may use a simple diagram like this:

grass – cow – tiger

To understand better, let us take a little larger food chain where "grass is eaten by grasshoppers, and grasshoppers by frogs, and frogs by snakes, and snakes by hawks." A simple diagram for that will be:

grass – grasshopper – frog – snake – hawk

But when the hawks die one day, their bodies fall to earth, and they are eaten by ants and bacteria. Their bodies then decompose and become nutrients for plants.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Plants are living things so, they need --------.
(2) We can see -------- grow in a field.
(3) A simple food chain is described in the --------.
(4) -------- is used to show a simple chain.
(5) The food for rabbit and cow is --------.

**(B) Answer each question in one sentence.(5 marks)**

(6) How do plants make their own food?
(7) Why do animals eat plants or other living things?
(8) What helps plants make their own food?
(9) What is a simple food chain given in the passage?
(10) When do the bodies of hawks decompose and become nutrients for plants?

**Answers**

**Unit 8 FOOD CHAIN**

IV(A) 1. make it day and night? 2. With heavy sighs 3. Whilst thus I sing, 4. The sun shins bright 5. My day and night myself I make,

1. Plants get their food from carbon dioxide in the air and water from the soil, using sunlight. 2. Animals cannot make their own food because they lack the green pigments and the ability to use carbon dioxide and water to make food. 3. An example of a simple food chain mentioned in the text is: grass is eaten by rabbits, and rabbits are eaten by hawks. 4. Scavengers such as vultures and crows eat the remains of what other animals have killed and eaten, including the rotting flesh of dead animals. 5. After the scavengers, ants and other insects come to eat up whatever is left behind. 6. Decomposers are sometimes called "garbage collectors" because they break down all the rotting flesh and bones into nutrients, completing the final cleaning up work. 7. A food web is a connection of multiple food chains that are interlinked. 8. The dead bodies of hawks, owls, and foxes become food for scavengers.

V.(1)(A) (1) food (2) grass (3) passive voice (4) an arrow (5) grass

(B) (6)Plants make their own food by using carbon dioxide from the air, water from the soil and the presence of sunlight. (7)Animals eat plants or other living things because they cannot make their own food. (8) Possessing green pigments helps plants make their own food. (9) A simple food chain given in the passage is: " grass is eaten by rabbits, and rabbits are eaten by hawks". (10) The bodies of hawks decompose and become nutrients for plants after being eaten by ants and bacteria.

*************************

## Grade 11

**Unit 8 THE LAST LEAF**

(ယခင်တစ်ပတ်မှအဆက်)

**IV. (A) Write the appropriate words or phrases to complete the lines of verse.**

1. To pounce upon a cloud frog
   That ________________.
2. I _________________,
   And white flamingos, too,
3. And even ______________,
   It split itself in two.
4. I thought I saw a cloud whale
   Sail through ____________;
5. Till evening _______________
   Over my private zoo.

**(B) Answer the questions in complete sentence.**

(1) Why did many people come to Greenwich Village?
(2) Where did Sue and Johnsy have their studio?
(3) What did Johnsy do while lying on her bed?
(4) What did Johnsy believe would happen when the last leaf fell?
(5) Who was Mr. Behrman, and what was he known for?

**V.(1)Read the passage.**

To Greenwich Village, which is a section of New York City, many people came who were interested in art. They liked the bohemian life of the village, and they enjoyed living among so many artists. The buildings and apartments were often very old and dirty, but his only added to the interest of the place.

At the top of an old three-storey brick house, Sue and Johnsy had their studio. One of them was from the State of Maine, the other from California. They had met in the restaurant of an Eighth Street hotel. Both were artists who had recently come to New York to make their living.

That was in May. In November, a cold, unseen stranger, whom the doctors called pneumonia, visited the city, touching one here and one there with his icy finger.

He touched Johnsy and she lay, scarcely moving, on her painted iron bed, looking through the small window at the blank wall of the opposite building.

**(A)Write the correct word or words to complete each sentence. (5 marks)**

(1) People -------- in art came to Greenwich Village.
(2) The interest of the village was added by the very ------- – buildings and apartments.
(3) The natives of Sue and Johnsy were --------.
(4) The two artists had come to make --------- in New York.
(5) Sue and Johnsy had got to New York since --------.

**(B)Answer each question in one sentence. (5 marks)**

(6) What is Greenwich Village?
(7) Why did people come to Greenwich Village?
(8) Where had the two artists met?
(9) What happened in November?
(10) How did Johnsy lie without moving on her painted iron bed?

**V.(2)Read the passage.**

Sue looked out of the window. What was Johnsy counting? There was only a grey backyard and the blank wall of the opposite house. An old, old vine, dead at the roots, climbed halfway up the wall. The cold breath of autumn had blown almost all the leaves from the vine until its branches were almost bare. "What is it, dear?" asked Sue.

"Six," said Johnsy very quietly. "They are falling faster now. Three days ago, there were almost a hundred. It makes my head ache to count them. But now it's easy. There goes another one. There are only five left now." "Five what, dear? Tell me!" said Sue.

"Leaves. The leaves of that vine. When the last leaf of that vine falls, I must go too. I've known that for three days. Didn't the doctor tell you?"

"The doctor didn't say any such thing. That is pure foolishness," said Sue. "What connection have those old leaves with your getting well? And you sued to love that old vine so much. Please don't be silly! The doctor told me this morning that your chances of getting well soon were excellent. Now try to take some of your soup and let me get back to work so that I can make money to buy you some good port wine."

"There's no use buying any more wine," said Johnsy, keeping her eyes fixed on the blank wall of the house opposite. "There goes another leaf. That leaves just four. I want to see the last one fall before it gets dark. Then I'll go too."

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The leaves of the vine were -------- by Johnsy.
(2) The leaves from the vine had been blown by --------.
(3) Johnsy's reply was very ----when Sue asked her what it was.
(4) Counting leaves of the vine made Johnsy suffer from -----.
(5) Sue said that Johnsy's thought was pure --------.

**(B)Answer each question in one sentence. (5 marks)**

(6) What did Sue see besides a grey backyard and the blank wall of the opposite house?
(7) How many leaves were there on the vine three days ago?
(8) When did Johnsy think she would die?
(9) Why did Sue make money?
(10) What did Johnsy say when there were four leaves left?

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

**Grade 12**

Unit 6 ARTIFICIAL INTELLIGENCE

**I. Complete the sentences with the appropriate words. The initial letters are given.**

1. She searched online to find i_______ about space travel.
2. An u___________ drone flew over the area to take pictures.
3. He is studying a________engineering to design aircraft.
4. The facial r_______system unlocked the phone quickly.
5. The plan is good, but it has some d____________ to consider.
6. These flowers are a____________, but they look real.
7. We live in a d_________ age where most people use the internet every day.
8. That invention was a real b_____________ in medical technology.
9. The internet started a r_______in global communication.
10. She made r_____________ progress in learning English this year.
11. Many i___________ countries are growing their economies fast.
12. The zoo teaches children about wildlife c_________.
13. The robot speaks and moves in a h__________ way.
14. Pollution is a common problem in i__________ zones.
15. Security cameras provide 24-hour s____________ at the mall.
16. The new highway will make t____________ faster and easier.
17. Puzzles and games help improve c_________ skills in children.
18. Many people use antivirus s_________ to protect their computers.
19. Modern i________ have changed how we live and work.
20. The internet is one of the most important inventions in t___________.
21. Artificial i_____________ helps computers solve complex problems.
22. Good c___________ is important in every relationship.
23. I'm u__________ with this type of computer.
24. Dolphins are considered highly i___________ animals.
25. Good r_________skills help you make better decisions.

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

(1) Time to -------- our environment from air, water and soil pollutants.
**(A) protect (B) prevent (C) prohibit**

(2) Uncle called out to his friends to -------- for plain green tea.
**(A) pop in (B) pop out (C) pop up**

(3) Most people like reading -------- novels.
**(A) detected (B) detectable (C) detective**

(4) The more you speak, the more mistakes you will -----.
**(A) make (B) do (C) perform**

(5) A bright -------- smile can be seen here and there.
**(A) artificially (B) artificial (C) artificiality**

(6) -------- often they practise, the coach is never satisfied with them.
**(A) No matter who (B) No matter how (C) No matter what**

(7) Computer and smartphone are good examples of --------.
**(A) electronics (B) electrics (C) mechanisms**

(8) Some staff have been made -------- by the company.
**(A) redundancy (B) redundant (C) redundancy**

(9) Using mobile phone has pros and cons. --------, using mobile phone has advantages and disadvantages.
**(A) as a matter of fact (B) as a result (C) in other words**

(10) The value of the damage destroyed by an earthquake was -------- immense.
**(A) all the way (B) way too (C) on top of that**

(11) You ___________ improve your English if you practice every day.
**(A) can (B) should (C) must**

(12) Anyone ___________ tries hard will succeed.
**(A) where (B) which (C) who**

(13) The artist ___________ painting won the award is very talented.
**(A) whom (B) whose (C) which**

(14) He missed the bus; ____________, he was late for school.
**(A) such as (B) as a matter of fact (C) as a result**

(15) Smartphones and tablets are common _______.
**(A) gadgets (B) devices (C) tools**

(16) People in ____________ countries often enjoy a high standard of living.
**(A) developing (B) developed (C) develop**

(17) _________ others think, believe in yourself.
**(A) No matter what (B) No matter where (C) No matter how**

(18) This machine cuts materials _______ for accuracy.
**(A) precise (B) precisely (C) precision**

(19) We can help __________, but you must try too.
**(A) as a result (B) here and there (C) to a certain extent**

(20) I need to put ________ the meeting because I have another appointment.
**(A) up (B) off (C) down**

(21) The company plans to take ________ new employees next month.
**(A) on (B) off (C) up**

(22) We were surprised ________ the news yesterday.
**(A) at (B) in (C) on**

(23) I'm tired ________ working so many hours.
**(A) with (B) of (C) from**

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

(1) She would succeed. People tried to bring her down. **(Rewrite the sentence using ' No matter --------- '.)**

(2) We don't care if a lesson is easy or difficult. We have to study hard. **(Rewrite the sentence using ' No matter ----------- '.)**

(3) Although the problem is complicated, you should try to solve it. **(Rewrite the sentence using ' No matter --------- '.)**

(4) U Tin has accepted what was happening to him so he can manage stress. **(Rewrite the sentence using' participle phrase '.)**

(5) I don't care about the situation. I will help you. **(Rewrite the sentence using ' No matter --------- '.)**

(6) Where you live is not important. They will deliver goods to your doorstep. **(Rewrite the sentence using' No matter -------- '.)**

(7) The boys playing football broke the window pane. **(Rewrite the sentence using ' It is / was -------who/ that pattern '.)**

(8) A father's word was a great encouragement. It made me successful. **(Rewrite the sentence using' not only ------ but also, ' to put an extra emphasis.)**

(9) Yu Yu eats much.Yet, she does not become fat. **(Rewrite the sentence using' No matter how '.)**

(10) U Ba attended the debate. He was not invited. **(Rewrite the sentence using' Without '.)**

(11) She speaks English fluently. She writes it very well. **(Join the sentences, beginning with "Not only … but also".)**

(12) The engineer fixed the machine. The repair was complicated and time-consuming. **(Join the sentences, using appropriate "Subordinating conjunction".)**

(13) She read the report. She found many mistakes. **(Join the sentences using participle phrase.)**

(14) The students who participated in the competition received certificates of achievement. **(Use "It is/ was … who/ that…".)**

(15) The scientist's theory was not proven correct. It was not widely accepted by the academic community. **(Use "Neither … nor".)**

(16) The artist painted a beautiful portrait. The artist's work is famous worldwide. **(Join the sentences using suitable relative pronoun.)**

(17) He didn't understand the problem. The teacher explained it clearly. **(Rewrite the sentence, using' Until '.)**

(18) He smiles every time he sees his friends. **(Rewrite the sentence, using' Whenever '.)**

(19) She said, "If I had known about the meeting, I would have attended it." **(Change the sentence into the reported speech.)**

(20) The government is going to launch a new digital platform next month. **(Change the sentence into the passive voice.)**

*******************

Answers

Unit 6 ARTIFICIAL INTELLIGENCE

I. 1. information 2. unmanned 3. aeronautical 4. recognition 5. drawbacks 6. artificial 7. digital 8. breakthrough 9. revolution 10. remarkable 11. industrializing 12. conservation 13. humanlike 14. industrial 15. surveillance 16. transportation 17. cognitive 18. software 19. innovations 20. technology 21. intelligence 22. communication 23. unfamiliar 24. intelligent 25. reasoning

II. (1) (B) prevent (2) (A) pop in (3) (C) detective (4) (A) make (5) (B) artificial (6) (B) No matter how (7) (A) electronics (8) (B) redundant (9) (C) in other words (10) (B) way too (11) (A) can (12) (C) who (13) (B) whose (14) (C) as a result (15) (A) gadgets (16) (B) developed (17) (A) No matter what (18) (B) precisely (19) (C) to a certain extent (20) (B) off (21) (A) on (22) (A) at (23) (B) of

III. (1) She would succeed no matter who tried to bring her down. (2) No matter whether a lesson is easy or difficult, we have to study hard. (3) No matter how complicated the problem is, you should try to solve it. (4) Having accepted what was happening to him, U Tin can manage stress. (5) No matter what the situation is, I will help you. (6) No matter where you live, they will deliver goods to your doorstep. (7) It was the boys playing football who broke the window pane./ It was the window pane that the boys playing football broke. (8) No only was a father's word a great encouragement, but it also made me successful. (9) No matter how much Yu Yu eats, she does not become fat. (10) U Ba attended the debate without being invited. (11) Not only does she speak English fluently, but she also writes it very well. (12) Although the repair was complicated and time-consuming, the engineer fixed the machine. (13) Reading the report, she found many mistakes. (14) It was the students who participated in the competition that received certificates of achievement. (15) The scientist's theory was neither proven correct nor widely accepted by the academic community. (16) The artist whose work is famous worldwide painted a beautiful portrait. (17) He didn't understand the problem until the teacher explained it clearly. (18) He smiles whenever he sees his friends. (19) She said that if she had known about the meeting, she would have attended it. (20) A new digital platform is going to be launched by the government next month.

*******************

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း (၁၆-၁၀-၂၀၂၅ ရက်နေ့မှ ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | - | ကောင်းမွန် | |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းနှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်း ရပ်ကွက်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက် အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မြို့နယ်ကျက်သရေဆောင်ရေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ဆုတောင်းပြည့် အတုလအောင်ဇေယျ (ဦးဘိုးလှဘုရား) စေတီတော်ပရိဝုဏ်အတွင်းရှိ ဓမ္မာရုံတွင် ယနေ့နံနက် ၉ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်က အမှာစကားပြောကြား၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီဇော်ဌေးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ပြည်သူများအား ရှင်းလင်းဆွေးနွေးပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီဇော်ဌေးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် (၅၃၊ ၅၄၊ ၅၅၊ ၅၆) ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ ခန့်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၀ ခန့်ကို ကာယကံရှင်များလက်ဝယ်သို့ ပေးအပ်ခဲ့ပြီး Biometric (UID) ကောက်ယူခြင်းလုပ်ငန်းအား (OSS) စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **နေမျိုးအောင် (ဒဂုံတောင်)**





# လီဗာပူးအသင်းနဲ့အတူ သွင်းဂိုး ၂၅၀ ပြည့်ခဲ့ပြီဖြစ်တဲ့ မိုဟာမက်ဆာလာ

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းနဲ့ အတူ သွင်းဂိုး ၂၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ နိုဝင်ဘာ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ဂိုး ၂၅၀ ပြည့်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အိမ်ကွင်းအန်ဖီးလ်မှာ အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် လေးပွဲဆက်ရှုံးနိမ့်ခဲ့မှုကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး မိုဟာမက်ဆာလာကတော့ လီဗာပူးအသင်းနဲ့အတူ သွင်းဂိုး ၂၅၀ ပြည့်မြောက်တဲ့ တတိယကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ပြီး အရင်က ရှရ်နဲ့ ရော်ဂျာဟန့်တို့ကလည်း သွင်းဂိုး ၂၅၀ ပြည့်ခဲ့ကြတာဖြစ်ပါတယ်။

ဝေးလ်နိုင်ငံသား ရှရ်ဟာ လီဗာပူးအသင်းနဲ့အတူ ၃၄၆ ဂိုးသွင်းယူနိုင်ခဲ့ပြီး အင်္ဂလန်နိုင်ငံသား ဟန့်ကတော့ ၂၈၅ ဂိုး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။




# ဘိုင်ယန်မြူးနစ်အသင်း ပြိုင်ပွဲစုံ ၁၅ ပွဲဆက် အနိုင်ရရှိခဲ့ပြီဖြစ်

ဘိုင်ယန်မြူးနစ်အသင်းဟာ လေဗာကူဆင်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ယခုဘောလုံးရာသီမှာ ပြိုင်ပွဲစုံ ၁၅ ပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းဟာ လေဗာကူဆင်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲကြောင့် ဘွန်ဒက်လီဂါအမှတ်ပေးဇယားမှာ အမှတ်ပေးဇယားဒုတိယနေရာက လိုက်ပ်ဇစ်အသင်းကို ငါးမှတ်ဖြတ် ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ဂျီနာဘရီ၊ ဂျက်ဆင်နဲ့ ဘာဒဲတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ဂျီနာဘရီဟာ ဘွန်ဒက်လီဂါပွဲစဉ် ၂၅၀ ပြည့်မှာ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၄ ရက်မှာ ပီအက်စ်ဂျီအသင်းနဲ့ ချန်ပီယံလိဂ်ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ လေဗာကူဆင်အသင်းကတော့ ဘင်ဖီကာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။



# ခရစ္စတယ်ပဲလေ့စ်အသင်း သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု အဆုံးသတ်နိုင်ခဲ့

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ နိုဝင်ဘာ ၁ ရက်ညပိုင်းက ဘရန်းဖို့ဒ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အသင်းနဲ့ ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး မာတီတာနဲ့ ကိုလ်လင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၁၀) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၉)နေရာမှာ တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ဘောလုံးလောကသတင်းတိုများ**

- ဝုလ်ဗာဟမ်တန်အသင်းဟာ ယခုဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအစ ၁၀ ပွဲစလုံး နိုင်ပွဲတစ်ပွဲမှ မရခဲ့တာကြောင့် နည်းပြပါရဲရာကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။
- ရီးယဲလ်မက်ဒရစ်အသင်းဟာ နိုဝင်ဘာ ၁ ရက်ညပိုင်းက ဗလင်စီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်မှာ ခုနစ်မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။
- ရိုးမားအသင်းဟာ မန်ယူအသင်းမှ နယ်သာလန်တိုက်စစ်မှူး ဇာဇီးကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်းဟာ ချယ်လ်ဆီးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အန်ဒရီဆန်းတို့စ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# ဂွန်ကာလိုရာမို့စ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ပီအက်စ်ဂျီအသင်း နိုင်ပွဲရရှိ

ပီအက်စ်ဂျီအသင်းနဲ့ နိုက်စ်အသင်းတို့ နိုဝင်ဘာ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းက ဂွန်ကာလိုရာမို့စ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် အနိုင်ဂိုးကို သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၄ မိနစ်မှာ ဂွန်ကာလိုရာမို့စ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။



လက်ရှိ ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းဟာ နိုက်စ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပွဲစဉ်(၁၁)အပြီးမှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၄ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ နှစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

# ဖွံ့ဖြိုးဆဲ အထွေထွေသုံးနည်းပညာများ

**နီဇော်သစ်**

အထွေထွေသုံးနည်းပညာများနှင့် ယင်းတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုများကို တင်ဆက်လာခဲ့သည်မှာ ပြီးခဲ့သည့်အပတ်က နောက်ဆုံး သတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှုများအကြောင်း ဆွေးနွေးခဲ့ပြီးပါပြီ။ ပြီးခဲ့သည့်အပိုင်းများတွင် အထွေထွေသုံးနည်းပညာများ၏ ပျံ့နှံ့နိုင်စွမ်း၊ အဆက်မပြတ်တိုးတက်နိုင်စွမ်း၊ ဆန်းသစ်တီထွင်မှုများအတွက် ဖြည့်ဖက်ဖြစ်ပေးနိုင်စွမ်း၊ လူမှုစီးပွားဘဝနှင့် ပြည်တွင်းအပြည်ပြည်ဆိုင်ရာ နိုင်ငံရေးသဘောသဘာဝ ပြောင်းလဲနိုင်စွမ်းတို့ကို မြင်တွေ့ခဲ့ကြပါလိမ့်မည်။

ကျွန်တော်တို့ ယနေ့ခေတ်သည် သတင်းနည်းပညာ၏ ထိုအစွမ်းများအောက်၌ လူသားတို့ ရုန်းကန်လှုပ်ရှားနေရသည့်ခေတ်။ သတင်းနည်းပညာချည်း သက်သက်လားဆိုတော့မဟုတ်။ ရှေ့ပိုင်းက အထွေထွေသုံးနည်းပညာတို့၏ သက်ရောက်မှု အရှိန်များကလည်း ရှိနေသေးသည်။ ကျွန်တော်တို့သည် ဦးနှောက်ဉာဏ်သစ်လောင်းပြီး နောက်ပိုင်း နိစ္စဓူဝ ဗာဟီရများအတွက် အဆင်ပြေစေရန် နည်းပညာများ ကြံစည်အားထုတ်ပြီး ကိရိယာများကို တီထွင်သည်။ သို့သော် ထိုနည်းပညာများကပင်လျှင် ကျွန်တော်တို့၏ လူမှုဘဝများကို စိုးမိုးသွားပြီး မရှိမဖြစ်အနေအထားသို့ ရောက်သွားကြပြန်သည်။

ထိုမှ ဆန်းသစ်တီထွင်မှုများအတွက် ဖြည့်ဖက်ဖြစ်ပေးနိုင်စွမ်းသည် နည်းပညာအသစ်တစ်ခုကို ထပ်ပြီး ကြံဆနိုင်စေပြန်သည်။ ထိုနည်းဖြင့် နောက်ထပ် အထွေထွေသုံးနည်းပညာများ ထပ်မံပေါ်ထွက်၊ ကိရိယာအဖြစ်သုံးရာမှ မရှိမဖြစ် ဖြစ်လာ၊ အကျယ်ပြန့်ဆုံး ပျံ့နှံ့ပြီးချိန်တွင် နောက်ထပ် နည်းပညာအတွက် အကြံအစည်များဖြစ်လာအောင် လှုံ့ဆော်၊ နောက်ထပ် အထွေထွေသုံးနည်းပညာတစ်ရပ် ထွက်ပေါ်ဖို့ အရှိန်ယူဆိုသည့် သံသရာထဲတွင် လည်နေသည်။ ယင်းကိုပင် သမိုင်းဆရာများ၊ စီးပွားရေးဆရာများ၊ စာရေးဆရာများက လှိုင်းများဟု အမည်တပ်သည်။ အထွေထွေသုံးနည်းပညာလှိုင်းကြီးတစ်ခုသည် လူသားတို့၏ နေ့စဉ်ဘဝကို နေ့ချင်းညချင်း စိုးမိုးလိုက်သည်မဟုတ်။ အရင်ဆုံး ဂယက်လေးများဖြင့် စတင်သည်။

ထိုဂယက်လေးများထဲတွင် အခြေခံနည်းပညာများနှင့် ပေါင်းကူးနည်းပညာများ ရောနှောပါဝင်နေသည်။ ထိုနည်းပညာများ ပေါင်းစည်းလိုက်ရာမှ မည်သည့်လူသားမျှ မတားဆီးနိုင်လောက်အောင် ပျံ့နှံ့နိုင်စွမ်း၊ ပါဝါပြန်လည်ဖြန့်ဝေနိုင်စွမ်း အားကောင်းသည့် အထွေထွေသုံးနည်းပညာလှိုင်းကြီးတစ်ရပ် ပေါ်ထွက်လာခြင်းဖြစ်သည်။ သမိုင်းတစ်လျှောက် ခြွင်းချက်ဟူ၍ ချွန်းကလီးယားနည်းပညာတစ်ခုသာ အထွေထွေသုံးနည်းပညာတစ်ရပ်၏ ပျံ့နှံ့နိုင်စွမ်းကို လူသားတို့ တားဆီးနိုင်ခဲ့သော သာဓကရှိခဲ့သည်။ ယင်းမှာလည်း ဟီရိုရှီးမားနှင့် နဂါဆာကီလို မေ့နိုင်ခဲသည့်အတိတ်များ၊ ချာနိုဘိုင်းလို အဖြစ်ဆိုးများ၊ နောက်ဆုံး ဆူနာမီဂယက်ဖြင့် အထိတ်တလန့်ဖြစ်ခဲ့ကြရသော ဖူကူရှီးမားဖြစ်စဉ်တို့က ကမ္ဘာ့လူသားတို့အပေါ် လွှမ်းမိုးနိုင်စွမ်း အားကြီးလွန်းလှ၍ဖြစ်သည်။



သတင်းနည်းပညာနှင့် မိုက်ခရိုပရိုဆက်ဆာဆိုသည့် အထွေထွေသုံးနည်းပညာနှစ်ရပ်အားအကောင်းဆုံးဖြစ်နေသည့် ယနေ့ခေတ်တွင် အနာဂတ် အထွေထွေသုံးနည်းပညာလောင်းလျာများ သန္ဓေတည်နေပြီဖြစ်သည်ကို လက်တွေ့မြင်နေရပြီ။ ပထမ စက်မှုတော်လှန်ရေးမတိုင်မီ ကျောက်လက်နက်၊ မီး၊ ဘာသာစကား၊ စိုက်ပျိုးမွေးမြူရေး အစရှိသည့် နည်းပညာများမှစ၍ သမိုင်းကြောင်းတစ်လျှောက် တစ်ချက်လောက်ပြန်ကြည့်လျှင်ပင် အထွေထွေသုံးနည်းပညာများ၏ လူသားတို့အပေါ် လွှမ်းမိုးနိုင်စွမ်းက တစ်ခေတ်ထက်တစ်ခေတ် အားပိုကောင်းလာသည်ကို ကြောက်ခမန်းတွေ့မြင်နေရသည်။ ယနေ့ခေတ် သတင်းနည်းပညာသည် လူသားတို့၏ အထွေထွေဘဝများအပေါ် ဘယ်လောက်လွှမ်းမိုးနေလဲဆိုသည်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်၍ အထူးပြောစရာမလို။ ထိုနည်းပညာတို့ကိုအခြေခံ၍ နောက်ထပ်ဖြစ်လာမည့် နည်းပညာများ၏ လွှမ်းမိုးနိုင်စွမ်း၊ ပျံ့နှံ့ထိုးဖောက်နိုင်စွမ်းတို့မှာ ယခုထက် ပိုမိုအားကောင်းမည်မှာလည်း သေချာပါသည်။ ထိုသို့စိတ်ဝင်စားဖို့ကောင်းလာသည့် အနာဂတ် အထွေထွေသုံးနည်းပညာများအကြောင်း ယခုအပတ်မှစ၍ အကျဉ်းမျှ ဆွေးနွေးသွားမည်ဖြစ်ပါသည်။

ပထမဆုံးအဆင့်မှာ အခြေခံအုတ်မြစ် ရှာဖွေတွေ့ရှိမှု။ သမိုင်းမတင်မီခေတ်နှင့် ရှေးခေတ်တို့အတွင်း ထိုအဆင့်ကို သေသေချာချာ မသိနိုင်သော်လည်း ယနေ့ခေတ်တွင်မူ သုတေသနများနှင့် နည်းပညာထိုးဖောက်ကျော်လွှားမှုများကို ဆိုလိုသည်။ များသောအားဖြင့် တက္ကသိုလ်ကောလိပ်များ၊ အစိုးရဓာတ်ခွဲခန်းများ၊ အရပ်ဘက်စူးစမ်းလေ့လာမှုများမှ စတင်လေ့ရှိသည်။ အနီးစပ်ဆုံးထင်ရှားသည့် သာဓကကိုပြောရလျှင် ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း ထရန်စစ္စတာများ တီထွင်ထုတ်လုပ်မှုမျိုးဖြစ်သည်။ ယင်းမှာ ဒစ်ဂျစ်တယ်တော်လှန်ရေး၏ အခြေခံအုတ်မြစ် ဖြစ်လာခဲ့သည်။

နောက်တစ်ဆင့်မှာ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ၏ နည်းပညာကို ပြုပြင်မွမ်းမံမှု။ အစောပိုင်းတွေ့ရှိသော အခြေခံအုတ်မြစ်တို့ကို ပညာရှင်များက ပိုမိုတည်ငြိမ်အောင်၊ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်အောင်၊ ကုန်ကျစရိတ်နည်းနိုင်သမျှနည်းအောင် ပြုပြင်မွမ်းမံကြသည်။ အနီးဆုံးမြင်သာသည့် ဥပမာပေးရလျှင် ၂၀၁၀ ပြည့်လွန်နှစ်များအတွင်း အေအိုင်မိုဒယ်များ၌ နက်နက်ရှိုင်းရှိုင်း လေ့လာမှုနည်းပညာကို စတင်ထည့်သွင်းအသုံးပြုခြင်းမျိုးဖြစ်သည်။ မိုက်ခရို ပရိုဆက်ဆာများနှင့် ချိတ်ဆက်ဖွဲ့စည်းမှုပုံစံကိုပါ ပြောင်းလဲပြီး ဂျီပီယူများကို အတွက်အချက်တွင် စတင်ထည့်သွင်းလာခြင်းကို ဆိုလိုပါသည်။

နောက်တစ်ဆင့်မှာ အခြေခံအဆောက်အအုံနှင့် ပလက်ဖောင်းများ တည်ဆောက်မှု။ နည်းပညာတစ်ရပ်အတွက် အထောက်အပံ့ပေးသည့်စနစ်များ လိုအပ်သည်။ ထိုစနစ်များပေါ်တွင် မူတည်ပြီး လုပ်ငန်းတစ်ခုနှင့်တစ်ခုမှသည် တိုင်းပြည်တစ်ပြည်နှင့် တစ်ပြည်အထိ နည်းပညာဖွံ့ဖြိုးတိုးတက်မှု နှုန်းချင်း ကွာဟသွားစေသည်။ အကြမ်းအားဖြင့် ဟာ့ဒ်ဝဲများ၊ ဆော့ဖ်ဝဲများ၊ စံနှုန်းသတ်မှတ်ချက်များနှင့် ပညာရေးဟု ဆိုနိုင်သည်။ အစိုးရတို့၏မူဝါဒများနှင့် လုပ်ငန်းကြီးများ၏ ငွေရင်းသုံးစွဲမှုပုံစံတို့ကလည်း အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ ဥပမာအားဖြင့် လျှပ်စစ်နည်းပညာအတွက် ဓာတ်အားခွဲရုံကြီးများ လိုအပ်သလိုမျိုး၊ အေအိုင်အတွက် အချက်အလက်ဘဏ်များနှင့် ကလောက်ကွန်ပျူတာများ လိုအပ်သလိုမျိုးဖြစ်သည်။


နောက်ဆုံးတစ်ဆင့်မှာ လူမှုဘဝထဲသို့ထိုးဖောက်ဝင်ရောက်မှု။ ဤအဆင့်တွင် အစိုးရများနှင့် အဖွဲ့အစည်းကြီးများ၏ ထိုနည်းပညာနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ချမှတ်မှု၊ ကိုယ်ကျင့်တရားများ သတ်မှတ်မှု၊ အုပ်ချုပ်ရေးပုံစံချမှုတို့မှာ အတိုင်းအတာတစ်ခုအထိ ရင့်ကျက်လာပြီဖြစ်သည်။ လူသားတို့၏ နေ့စဉ်ဘဝတွင်သာမက လိုက်နာကျင့်သုံးရမည့် ဥပဒေစည်းမျဉ်းများအထိပါ နည်းပညာ၏ သက်ရောက်မှုတို့ ပါဝင်လာခြင်းမျိုးဖြစ်သည်။ ထိုအဆင့်ရောက်ပြီဆိုလျှင် အထွေထွေသုံးနည်းပညာတစ်ရပ်၏ လွှမ်းမိုးမှုမှာ အမြင့်ဆုံးအနေအထားသို့ ရောက်သွားပြီဟုဆိုနိုင်သည်။ ထိုအချိန်မှစ၍ ထိုနည်းပညာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုမှာလည်း ကြီးကြီးမားမား သက်ရောက်နေပြီဖြစ်သည်။ နည်းပညာကို လိုက်နိုင်သူ၊ မလိုက်နိုင်သူ၊ လိုက်နိုင်သည့်လုပ်ငန်း၊ မလိုက်နိုင်သည့်လုပ်ငန်း၊ လိုက်နိုင်သည့်နိုင်ငံ၊ မလိုက်နိုင်သည့် နိုင်ငံတို့အကြား ကွာဟချက်များမှာလည်း ထင်ရှားသွားပြီဖြစ်သည်။

ယနေ့ခေတ်တွင် ဖွံ့ဖြိုးဆဲ အထွေထွေသုံးနည်းပညာသားလောင်းများအဖြစ် အသိဉာဏ်တုနည်းပညာဟုဆိုနိုင်သော အေအိုင်၊ ဇီဝအတုနည်းပညာဟုဆိုနိုင်သော ဆင်းသက်တစ် ဘိုင်အိုလိုဂျီနှင့် ကွမ်တမ်ကွန်ပျူးတင်း နည်းပညာတို့ကို မြင်တွေ့နေရသည်။ နောက်ပိုင်းနည်းပညာနှစ်ခုမှာ လူထုနှင့် အဆက်အစပ် ဝေးနေသေးသော်လည်း အေအိုင်နည်းပညာမှာ ဖွံ့ဖြိုးဆဲအဆင့်မှာပင် လူကြားထဲသို့ တော်တော်ကြီး ထိုးဖောက်ရောက်ရှိနေပြီဖြစ်သည်။ တရားဝင်မဟုတ်သေးသည့်တိုင် ယခု နောက်ဆုံးဆယ်စုနှစ်အတွင်း ကျူရင်စမ်းသပ်ချက်ကို အောင်မြင်ကျော်လွှားထားသည့် နည်းပညာလည်းဖြစ်သည်။ ထို့ကြောင့် နောက်တစ်ပတ်မှစ၍ အေအိုင်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ယင်းကြောင့် အနာဂတ်တွင် ဖြစ်လာနိုင်သော ပါဝါပြန်လည်ဖြန့်ဝေမှုများကို ဆက်လက်ဆွေးနွေးသွားပါမည်။

---

# ကြယ်စုခရီးသည်၏ တောက်ပမှုက သိပ္ပံပညာရှင်များကို တအံ့တဩဖြစ်စေပြန်

သရီးအိုင်အက်တလက်စ်ဟု အမည်ပေးထားသော ကြယ်စုသွားခရီးသည် ကြယ်တံခွန်သည် နေမိသားစုအပြင်မှ ဝင်လာသည့် ဧည့်သည်ဖြစ်သည်နှင့် အညီ အံ့ဩစရာတစ်ခုပြီးတစ်ခု လုပ်ပြနေရာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ယင်း၏ တောက်ပမှုနှုန်းမှာ သိပ္ပံပညာရှင်များ ခန့်မှန်းထားသည်ထက် များစွာပိုမိုမြန်ဆန်နေသောကြောင့် တအံ့တဩ ဖြစ်ခဲ့ရပြန်သည်။




ကြယ်စုသွားခရီးသည်သည် ပယ်ရီဟီလီယံဟု ခေါ်သည့် နေနှင့်အနီးဆုံး ပတ်လမ်းထဲသို့ စတင်ဝင်ရောက်လာချိန်တွင် တောက်ပလာမည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားပြီးသားဖြစ်သည်။ ယင်းမှာ နေမိသားစု၏ အစွန်ဆုံးအရပ်ဟု သဘောထားသော အော့ထ်တိမ်တိုက်ထဲမှ ဝင်လာသည့် ကြယ်တံခွန်များ၌ ဖြစ်လေ့ရှိသည့်သဘာဝပင်။

ကြယ်တံခွန်များတွင် ရေခဲများပါဝင်ရာ နေနှင့်နီးလာချိန်တွင် နေမှရသော စွမ်းအင်ကြောင့် ရေခဲမှ ရေငွေ့အဖြစ်သို့ တိုက်ရိုက်အငွေ့ပြန်ခြင်းဖြစ်စဉ် တိုးလာသည်။ ထိုသို့ ရေငွေ့များ ထွက်လာခြင်းကြောင့် ကြယ်တံခွန်၏ဝန်းကျင်တွင် ရောင်လျှံတစ်ခုပုံစံမျိုး ဖြစ်လာပြီး တောက်ပလာစေသည်။

သရီးအိုင် အက်တလက်စ်သည် ထိုဖြစ်စဉ်ထဲသို့ သိပ္ပံပညာရှင်များ ခန့်မှန်းထားသည့်အတိုင်း အောက်တိုဘာ ၂၉ ရက်တွင် စတင်ဝင်ရောက်ခဲ့သည်။ သို့သော် ထင်မထားသည်မှာ ယင်း၏ တောက်ပနှုန်းဖြစ်သည်။ ခန့်မှန်းထားသည်ထက် အလွန်လျင်မြန်စွာ ပိုမိုတောက်ပလာခြင်းကို ဆိုလိုသည်။ ဘာကြောင့် ထိုသို့ဖြစ်ရသလဲဆိုသည့် အကြောင်းရင်းများကို စဉ်းစားနေကြသော်လည်း အဖြေမထုတ်နိုင်ကြသေးပေ။

“ပုံမှန်တွေ့နေကျ ကြယ်တံခွန်တွေထက်ပိုပြီး သရီးအိုင် အက်တလက်စ်ရဲ့ တောက်ပမှုနှုန်း မြင့်မားရတာက ဘာကြောင့်လဲဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး” ဟု သရီးအိုင် အက်တလက်စ်၏ တောက်ပမှုကို စာတမ်းရေးသားတင်ပြခဲ့သူ လိုဝဲလ် နက္ခတ်ကြည့်မျှော်စင်မှ ချန်းကျိချန်က စာတမ်းထဲတွင် ထည့်သွင်းရေးသားထားသည်။

သရီးအိုင် အက်တလက်စ်၏ ရုတ်တရက် အရောင်ပြောင်းတောက်ပမှုကို စတီရီယို-အေနှင့် စတီရီယို-ဘီဟု အမည်ပေးထားသော အမြွှာအာကာသယာဉ်နှစ်စင်းက အဆက်မပြတ် လေ့လာနေခြင်းဖြစ်သည်။ ထို့ပြင် ရာသီဥတု ဂြိုဟ်တုတစ်လုံးဖြစ်သည့် ဂိုးစ်-၁၉ ကလည်း ထောက်လှမ်းနေသည်။

ပြီးခဲ့သည့် သီတင်းပတ် အနည်းငယ်အတွင်းကလည်း သရီးအိုင် အက်တလက်စ်ထံမှ ရေများ မီးသတ်ပိုက်ခေါင်းမှာ ပန်းထွက်သလို ပန်းထွက်နေခြင်းအတွက် သိပ္ပံပညာရှင်များ တအံ့တဩဖြစ်ခဲ့ရသည်။

Ref: space.com

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ် Road Bike စက်ဘီးစီးပြိုင်ပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၂**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ် Road Bike စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းရှိ သီရိကွင်းမုခ်ဦးအရှေ့၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သေနတ်ပစ်ဖောက်၍ စက်ဘီးစီးပြိုင်ပွဲကို တာလွှတ်ပေးသည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲကို အမျိုးသား အသက် ၄၀ နှစ်အထက်နှင့် အသက် ၄၀ နှစ်အောက် ၈၀ ကီလိုမီတာပြိုင်ပွဲနှင့် အမျိုးသမီး ၄၅ ဒသမ ၁၃ ကီလိုမီတာပြိုင်ပွဲဖြင့် ယှဉ်ပြိုင်ပြီး အမျိုးသားပြိုင်ပွဲကို သီရိလမ်း သီရိကွင်းရှေ့မှ နာရီစင်မီးပွိုင့်၊ ဗိုလ်ချုပ်လမ်းတစ်လျှောက် ဘားအံ-လှိုင်းဘွဲလမ်းဆုံ နောင်လုံ၊ အိန္ဒြေမြိမ်းချမ်းရေးကွက်သစ်၊ ဘုရားကုန်း၊ ဇာသပြင်မှ ဘားအံ ကားလမ်းတစ်လျှောက် သီရိကွင်းမုခ်ဦးရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ပြီး အမျိုးသမီးပြိုင်ပွဲတွင် သီရိကွင်းမုခ်ဦးဝမှ နာရီစင်မီးပွိုင့်၊ ဗိုလ်ချုပ်လမ်းတစ်လျှောက် လှိုင်းဘွဲလမ်းဆုံမှတစ်ဆင့် နောင်လုံတောင်ကြားလမ်းဆင်လေးကောင်အဝိုင်းမှ ဘားအံမြို့ သီရိကွင်းရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြောင်း သိရသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် စက်ဘီးစီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများက နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ပြီး အသက် ၄၀ နှင့်အထက် ၈၀ ကီလိုမီတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ အမျိုးသမီး ၄၅ ဒသမ ၁၃ ကီလိုမီတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကကလည်းကောင်း၊ အသက် ၄၀ နှစ်အောက် ၈၀ ကီလိုမီတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို ထားဝယ်၊ သံဖြူဇရပ်၊ ရေး၊ မုဒုံ၊ မော်လမြိုင်၊ သထုံ၊ ရန်ကုန်၊ မန္တလေး၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နှင့် ဘားအံမြို့တို့မှ ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၂၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



အလားတူ ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘားအံဂေါက်ကလပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေပိုင်းတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်အမှာစကားပြောကြားပြီး တစ်ဦးချင်းဆုများနှင့် အသင်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

**■ လေဖိအားနည်းမှ**


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၅-၁၁-၂၀၂၅ ရက်နေ့မှ ၆-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**❂ AFC မှ**

ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စု(E) ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြီး ပထမပွဲတွင် တရုတ်တိုင်ပေကလပ် တိုင်နန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဒုတိယပွဲတွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းကို သုံးဂိုး-တစ်ဂိုး၊ တတိယပွဲတွင် အင်ဒိုနီးရှားကလပ် ဒီဝါယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီ AFC Challenge League ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်သော်လည်း ယခုရာသီတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-SUFC**

---

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂**

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

---


## သင့်သွေးဖြင့် အသက်ကယ်ပါ

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၀၊ ဇော်တိကလမ်း၊ မြေကွက်အမှတ်(၆၁၃/က)ဟုခေါ်တွင်သော မြေဧရိယာ-(၂၀'x၆၀')ပေအကျယ်ရှိ ဒေါ်စန်းစန်းထွေး (HGU-၀၉၃၉၂၈)အမည်ဖြင့် ချပေးထားသော စလစ်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်စပ်တို့ ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းမင်း[၁၂/ဒဂတ(နိုင်)၁၀၉၇၀၂]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းဝင်း (B.Sc, MDevS, P.G.D.L, D.B.L, D.M.L)**
**အထက်တန်းရှေ့နေ (စဥ်-၅၄၂၁၆)**
**တိုက်အမှတ်(၄/၄)၊ အခန်းအမှတ်(၃၁)၊ ရွှေအုန်းပင်အိမ်ရာ(၄)၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၀၉၃၆၅**

### “ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၈)၊ မြေကွက်အမှတ်(၅၆၉)၊ အလျား(၆၀')x အနံ(၄၀')ရှိ ပါမစ်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန်”

အထက်ပါမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့် နှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်း ပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ရောင်းချသူသည် ၎င်းတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရောင်းချပိုင်ခွင့်ရှိသူ မဟုတ်ပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ(LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ (စဥ်-၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**Ph:09-972734996, 09-881181988**

### “တိုက်ခန်းလက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြင်သာ(၃)လမ်း၊ မြေကွက်အမှတ် (၁၂၈/ခ)ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၆) ထပ်တိုက်၏ မြေညီထပ် ဧရိယာ(၁၈'x၅၄')အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်ထားဆင်ထားသော မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီးတစ်ဆင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သူဇာမျိုး[၁၂/သဃက(နိုင်)၀၄၀၁၈၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်နိုင်[၁၂/ဥကမ(နိုင်)၁၉၀၇၉၂]က (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ‘‘နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”ချုပ်ဆို၍ ရောင်းဖိုးငွေ အပြည့်အဝ ပေးချေကာ ဝယ်ယူခဲ့ပြီးဖြစ်၍ အပြီးအပိုင်လက်ရောက်ရရှိပြီးဖြစ်သော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ထက်နိုင် [၁၂/ဥကမ(နိုင်) ၁၉၀၇၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း**
**LL.B ,DBL, MoFA(BDS)**
**အထက်တန်းရှေ့နေ(စဥ်-၅၂၅၈၂/၂၇-၄-၂၀၂၀)**
**တိုက်အမှတ်-(၈)၊ အခန်းအမှတ်-(၂၃)၊ ကြီးပွားရေးအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ph:09-796764898**

### “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၄၁-လမ်း၊ တိုက်အမှတ်(၁၁)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ ၅-လွှာ(မျက်နှာမူလျှင်(ဘယ်ဘက်)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါက်တာ ဒေါ်ခင်မို့မို့ [၁၂/တမန(နိုင်) ၀၄၉၉၇၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းဇော်ဦး [၁၂/ တမန(နိုင်) ၁၁၀၁၂၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၉)၊ လူနေရပ်ကွက်အမှတ်(၂၉)၊ ဦးထွန်းမြတ်လမ်း၊ မြေကွက်အမှတ်-(၄၅၀)၊အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (RC)နှစ်ထပ်တိုက်(၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်းဝန်ခံကတိပြုသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ငြိမ်းချမ်း[၁၂/ရပသ(နိုင်)၀၅၄၂၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်စန်းစန်းညွှန့်[၁၂/သကတ(နိုင်)၀၈၂၈၅၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များယူဆောင်၍ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းညွှန့် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုထွန်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ ( စဥ်-၈၈၆၄ )**
**အမှတ်(၂၀၂/ဘီ)၊ မြေညီထပ်၊ မိဂသီ(၁၉)လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၃၆၇၄၀၊ ၀၉-၉၇၂၀၅၁၂၁၀**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၅-ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၃၁/က)ဟု ခေါ်တွင်သော နေအိမ်နှင့် ယင်းနေအိမ်တည်ရှိရာ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ ကံဘဲ့၊ မြေကွက်အမှတ်-၅၀/က၊ ဧရိယာ(၀.၀၃၆၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နီနီ(ဘ) ဦးကြွယ်သိန်း[၁၂/သဃက(နိုင်)၀၉၅၁၁၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမျိုးသန့် B.A (Law), LL.B** | **ဒေါ်ရီ(LL.B)** |
| **(စဥ်-၁၅၇၆)** | **(စဥ်-၃၈၈၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၅၀၆၄၅၄၅၊ ၀၉-၅၀၈၃၅၀၅**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

တာမိုးညဲစာပေတိုက်မှ ထုတ်ဝေခဲ့သော တာမိုးညဲသီဟလွင် စီစဉ်ပူဇော်ပြီး တင်အောင်ထွန်း(သုတေသန) ရေးသားသည့် "ဗုဒ္ဓသာသနာထွန်းလင်းဖြာစာအုပ်" နှင့် မြနှင်းဆီ (MraHninzi) ရေးသားသည့် "Myanmar Postage Stamps" စာအုပ်တို့သည် ၂၀၂၄ ခုနှစ်အတွက် "အမျိုးသားစာပေဆု" ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း ကြားသိရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**တာမိုးညဲစာပေတိုက်**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

